# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့။ | Thursday, 26 May 2022 | ၁၀၇၄၇


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးကြစဉ်။

## ယနေ့ ဖတ်စရာ


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ် ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)(KNU/KNLA-PC)မှ ဥက္ကဋ္ဌ စောထော့လေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ** စာမျက်နှာ » ၃

**ရွှေရောင်လွှမ်းမည့် မြန်မာ့အားကစား တစ်ခေတ်ဆန်းချိန်** ဆောင်းပါး စာမျက်နှာ » ၆

**Monkeypox (မျောက်ကျောက်ရောဂါ) နှင့်ပတ်သက်၍ သိကောင်းစရာ မေးခွန်းနှင့် အဖြေများ** စာမျက်နှာ » ၁၆





# ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့

မေလ ၂၆ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့အထိသည် ကျောင်းအပ်နှံရေးရက်သတ္တပတ်ဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းနေအရွယ်ကလေးတိုင်း၏ မိဘအုပ်ထိန်းသူများသည် ပူပန်ကြောင့်ကြမှု တစ်စုံတစ်ရာမရှိဘဲ စိတ်ချမ်းမြေ့စွာဖြင့် မိမိတို့၏ ရင်သွေးများအား စတင်ကျောင်းအပ်နေကြပြီ။ ကျောင်းအပ်နှံရာတွင် ငွေကြေးတစ်စုံတစ်ရာ ကုန်ကျမှုမရှိသော်လည်း မိမိတို့တတ်နိုင်သလို လိုအပ်သမျှကို ဖြည့်ဆည်းပေးကြသည်။ မတတ်နိုင်လျှင်လည်း စိတ်ပျက်အားငယ်စရာမလိုပေ။ လိုရင်းမှာ ပညာတတ်မြောက်ရေးသာဖြစ်သည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသောနိုင်ငံဖြစ်သည်။ ပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာစေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်လာစေရန်အတွက် ပြည်သူအားလုံး ပညာသင်ကြားကြရန်လိုအပ်ပြီး အသိဉာဏ်ပညာများ ကိုယ်စီကိုယ်စီ အနည်းနှင့်အများရှိနေရန် လိုအပ်ပါသည်။ သင်ကြားတတ်မြောက်ထားသောပညာကို အခြေခံ၍ စဉ်းစားဆင်ခြင်ဆုံးဖြတ်နိုင်သည့် စွမ်းပကားများ အစဉ်တိုးတက်နေစေရန် ကြိုးစားအားထုတ်ကြရန် လိုအပ်ပါသည်။ ပညာရည်မြင့်မားတိုးတက်အောင် ကြိုးပမ်းအားထုတ်နိုင်ခြင်းဖြင့် တန်ဖိုးရှိသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါသည်။

အဓိကမှာ အခြေခံအားဖြင့် ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေကြရန်ဖြစ်ပြီး အတန်းပညာကို စွမ်းအားရှိသမျှ အတိုင်းအတာတစ်ခုအထိ ပြီးမြောက်အောင် ကြိုးပမ်းအားထုတ်ကြဖို့လိုပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းများအရ မြန်မာနိုင်ငံသားအားလုံး၏ သုံးပုံတစ်ပုံခန့်သည် အလယ်တန်းအဆင့် ပညာရေးသာ သင်ကြားနိုင်ခဲ့သည်ဟု သိရှိရပါသည်။ ဘဝအခြေအနေ အကြောင်းကြောင်းကြောင့် ကျောင်းမနေရသော ကလေးငယ်များနှင့် မူလတန်းပညာသာ သင်ယူနိုင်ခဲ့သော ကလေးများလည်းရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားတိုင်းအား KG + 9 (အလယ်တန်းအဆင့်)ပညာပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အကြောင်းအမျိုးမျိုးကြောင့် ပညာမပြီးဆုံးဘဲ ကင်းကွာသွားကြသူများရှိသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားတိုင်းအား အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားတတ်မြောက်စေလိုသဖြင့် အစဉ်အမြဲ တိုက်တွန်းနှိုးဆော် အားပေးထောက်ပံ့ ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန် စတင်ယူသည့်အချိန်မှစ၍ ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားရသည့် စာသင်ကျောင်းများအားလုံးကို ပြန်လည်ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးအကျပ်အတည်း အမှောင့်ပယောဂများကြားမှ ပညာသင်နှစ်တစ်ခု ပြီးဆုံးသွားအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပညာရေးသည် နိုင်ငံ၏အနာဂတ်အတွက်နှင့် ကျောင်းသား ကျောင်းသူများ၏ အနာဂတ်ဘဝ မြင့်မားတိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့်တာဝန်ဖြစ်သည်။ ပညာသင်ကြားခြင်းကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်ခြင်းမရှိလျှင်၊ ပညာသင်ကြားခြင်းကို ရပ်တန့်ထားလျှင်၊ ပညာသင်ကြားရန် ပျက်ကွက်နေလျှင် ကာယကံရှင် ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများသာမက နိုင်ငံတော်အတွက်ပါ ဆုံးရှုံးနစ်နာမှု ဖြစ်စေမည်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များ ပျက်ပြုန်းစေနိုင်သလို နိုင်ငံသားတစ်ဦးချင်းစီ၏ ဘဝမြင့်မားတိုးတက်ရေးတွင်လည်း မျှော်လင့်လိုလားမှုများ လျော့နည်းနေမည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် ပညာသင်ကြားမှု ပျက်ကွက်ကြရာ၌ ဘဝအခြေအနေ အခက်အခဲ အကြောင်းအမျိုးမျိုးကြောင့် ပညာမသင်ကြားနိုင်သူများနှင့် နိုင်ငံရေးပယောဂ အနှောင့်အယှက်အဟန့်အတားများကြောင့် ပညာသင်ကြားမှုရပ်ဆိုင်းနေသည်ကို တွေ့ရသည်။ ဘဝအခက်အခဲကြောင့်ဖြစ်ပါလျှင် နိုင်ငံတော်က အတတ်နိုင်ဆုံး ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံရေးပယောဂကြောင့်ဖြစ်ပါမူ ပညာမသင်ကြားလျှင် ကာယကံရှင်များ၏ အနာဂတ်ဘဝနှင့် တိုင်းပြည်၏ အနာဂတ်ခရီးအတွက် ချို့ယွင်းအားနည်းချက်များ၊ လိုအပ်ချက်များသာ ဖြစ်နေမည်ကို သတိချပ်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုရက်သတ္တပတ်အတွင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် မိမိတို့နေထိုင်ရာဒေသအလိုက် အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံကြပြီး ဇွန်လ ၂ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်း ကျောင်းများအားလုံး ဖွင့်လှစ်သောအခါ ပျော်ပျော်ပါးပါး ကျောင်းတက်ကြစေလိုပါသည်။ ပညာသင်ကြားခြင်းဖြင့် မိမိတို့ဘဝအတွက်၊ နိုင်ငံတော်၏အနာဂတ်အတွက်ဖြစ်ရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဆောင်ပုဒ်ဖြစ်သည့် "ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။

## ညောင်လေးပင်မြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲပြုလုပ်

ညောင်လေးပင် မေ ၂၅

သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်စေရေး၊ သစ်တောပြုန်းတီးမှုများ မဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းသိမ်းနိုင်ရန် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ညောင်လေးပင်မြို့နယ် နဘဲပင်ကျေးရွာအုပ်စု နဘဲပင်နှင့် ဝင်္ဂဘော်ကျေးရွာချင်းဆက် လမ်းဘေးတွင် ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

ညောင်လေးပင်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်၍ ဒေသအပူချိန်လျော့ချနိုင်စေရန်နှင့် ဂေဟစနစ်ပြုပြင်ထိန်းသိမ်း




ဆောင်ရွက်နိုင်စေရန် စိုက်ပျိုးခြင်းဖြစ်ပြီး ကျွန်းပင် ၅၀၊ ခရေ ၁၅ ပင်၊ ယူကလစ် ၁၅ ပင်၊ မန်ကျည်းရှား ၁၂၀ စုစုပေါင်း အပင် ၂၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းယုန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်၍ သစ်ပင်များ စိုက်ပျိုးခဲ့ကြသည်။

နီနီဝင်း(ပြန်ဆက်)

## ရန်ကုန်အရှေ့ပိုင်းခရိုင်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ပြပွဲကျင်းပ

သဃ်န်းကျွန်း မေ ၂၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ပြပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်း ခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

### ကြည့်ရှုလေ့လာ

အဆိုပါ နံရံကပ်စာစောင်ပြပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်



ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက ခန်းမအတွင်း ပြသထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၅ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၅၀၀ | ၃၅၃ | ၂,၆၈၂,၇၀၀ |
| MTSH | ၂,၆၀၀ | ၂,၇၀၀ | ၁၅ | ၃၉,၅၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၀ | ၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၁ | ၂,၅၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၇၅.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၇.၂၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၀၇၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၁.၁၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၅၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၁၀.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၄၅.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၅၅.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၃၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



○ ရှေ့ဖုံးမှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် မွန်ပြည်သစ်ပါတီ (NMSP)မှ ဒုတိယဥက္ကဋ္ဌနိုင်အောင်မင်း၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး နိုင်ဝင်းလှ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်ဗညားလယ်တို့ တက်ရောက်ကြသည်။

**လက်မှတ်ရေးထိုး**

ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁/၂/၃)ပါ သဘောတူညီချက်များနှင့်ပတ်သက်၍ လည်းကောင်း၊ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ဇယား-၂ ပါ ဆွေးနွေးရန်အချက်များနှင့် ပတ်သက်၍ လည်းကောင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်ဖော်ထုတ်စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်များကိုလည်းကောင်း ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ရှင်းလင်းတင်ပြပြီး NMSP အဖွဲ့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ ယင်းနောက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ၃ ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားကြပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားစာအုပ်၊ မှတ်တမ်းစာအုပ်များ၊ ခေတ်နှင့်အညီ ပြန်လည်ပြုစုထားသည့် မြန်မာ့စွယ်စုံကျမ်း(အတွဲ-၁) တို့နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းတို့ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)(KNU/ KNLA-PC)မှ ဥက္ကဋ္ဌ စောထော့လေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် မေ ၂၅

တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးတို့ကို ရည်ရွယ်၍ ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရာ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ)(KNU/KNLA-PC)မှ ဥက္ကဋ္ဌ စောထော့လေး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် နေပြည်တော်သို့ရောက်ရှိကြသည်။

**ကြိုဆို**

ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNU/ KNLA-PC)မှ ဥက္ကဋ္ဌ စောထော့လေး ဦးဆောင်သည့် ကိုယ်စားလှယ်ဖွဲ့သည် မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်ရှိ Horizon Lake View Resort သို့ ရောက်ရှိကြရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ ယဉ်ကျေးမှုဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူ များက ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန် ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ စသည့်စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍ လည်းကောင်း ကြိုဆိုကြကြောင်း သိရသည်။ **သတင်းစဉ်**



# ကျုံပျော်မြို့နယ်တွင် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ကျုံပျော် မေ ၂၅

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ် တေဇရပ်ကွက် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း (မြေရဲမြောက်)အတွင်း၌ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီခွဲက ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေယျမင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး သိန်းစိုးဝင်း၊ အဖွဲ့ဝင်(၂) ဦးရန်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်-ဖြ၊ တောအုပ်ကြီး ဦးကိုကိုလေးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း အင်အား ၁၅၀ တက်ရောက်ခဲ့ကြပြီး အမြင့်သုံးပေနှင့် အထက်ရှိသော ကျွန်း၊မန်ဂျန်ရှားအပင် ၂၀၀ စီနှင့် ယူကလစ်၊ ပျဉ်းကတိုးအပင် ၅၀ စီ စုစုပေါင်း သစ်ပင် ၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

မြို့နယ်သစ်တောဦးစီးဌာနက သစ်ပင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေး တို့အတွက် ကျွန်းပျိုးပင် ၇၀၀၀၊ ပျဉ်းကတိုးပျိုးပင် ၅၀၀ ၊ မန်ဂျန်ရှားပျိုးပင် ၉၀၀၀၊ ယူကလစ်ပျိုးပင် ၃၀၀၀၊ မဟော်ဂနီပျိုးပင် ၅၀၀ တို့အပြင် အပိုဆောင်းပျိုးပင် ၂၀၀၀ တို့ကို ပျိုးထောင်ထားရှိပြီး လိုအပ်သည့် ပြည်သူများထံသို့ အခမဲ့ ဖြန့်ဝေပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

■

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၂၅

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် အရှေ့ အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန် ကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# “(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး”အတွက် ကြိုဆိုဂုဏ်ပြုလှုံ့ဆော်ရေးအဖြစ် ထုတ်လွှင့်ပြသနိုင်ရန် ရွှေမြန်မာအငြိမ့်-၃ ဝတ်စုံပြည့်လေ့ကျင့်ဇာတ်တိုက်

**နေပြည်တော် မေ ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမှုန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမှတ် (၂) တပ်မတော်- ရုပ်မြင်သံကြား ထုတ်လုပ်ရေးတပ်မှတပ်မှူးနှင့် အရာရှိများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီက နေပြည်တော် ရုံးအမှတ် (၃၅)ရှိ လေ့ကျင့်ရေးဇာတ်ရုံတွင် ဝတ်စုံပြည့်လေ့ကျင့်ဇာတ်တိုက်လျက်ရှိသော ရွှေမြန်မာအငြိမ့်-၃၏ တင်ဆက်မှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။






သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနသည် ကိုဗစ်-၁၉ ကာလအတွင်း အများပြည်သူများ စိတ်အပန်းပြေစေရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များဖြစ်သော ဇာတ်တော်ကြီး ဖျော်ဖြေတင်ဆက်ခြင်း၊ အငြိမ့်ဖျော်ဖြေတင်ဆက်ခြင်း၊ ယိမ်းနှင့် ပဒေသာအက ဖျော်ဖြေတင်ဆက်ခြင်းများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ဖြင့်ပူးပေါင်း၍ ရိုက်ကူးတင်ဆက်လျက်ရှိသည်။ ယခု လေ့ကျင့်ဇာတ်တိုက်လျက်ရှိသော ရွှေမြန်မာအငြိမ့်အမှတ်-၃ အစီအစဉ်သည် ၂၀၂၂ ခုနှစ် အောက်တိုဘာလ၌ နေပြည်တော်တွင် ခမ်းနားစွာ ကျင်းပမည့် “(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး”အတွက် ကြိုဆိုဂုဏ်ပြု လှုံ့ဆော်ရေးအဖြစ် ရုပ်မြင်သံကြားအစီအစဉ်များမှ ရိုက်ကူးထုတ်လွှင့်ပြသနိုင်ရန် လေ့ကျင့်ဇာတ်တိုက်နေခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရွှေမြန်မာအငြိမ့်အဖွဲ့သားများကို ဂုဏ်ပြုဆုငွေကျပ်ငါးသိန်းကို ပေးအပ်ချီးမြှင့်သည်။ ရွှေမြန်မာအငြိမ့်အမှတ်- ၃တွင် ခေါင်းဆောင်မင်းသမီး ဇာနည်အောင်၊ ရှေ့ထွက်မင်းသမီး ဝေဖူးငယ်နှင့် လူရွှင်တော်များဖြစ်ကြသော ဝမ်းတူး၊ လမုန့်၊ ကုလားမ၊ ပြည်ချစ်တို့ပါဝင်ကြပြီး တေးသီချင်းများကို ဂီတဝိဇ္ဇာ အောင်ဝမ်းတူးကရေးစပ်၍ ရွာစား နိုင်လင်းဗိုလ်နှင့်အဖွဲ့က တီးခတ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအနေဖြင့် GDP ၏ ၅၈ ရာခိုင်နှုန်းခန့်မှာ ဝန်ဆောင်မှုကုန်သွယ်ရေးမှ ရရှိခြင်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စတုတ္ထနေရာတွင်ရှိ

**နေပြည်တော် မေ ၂၅**

ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအချက်အလက်များ ဘဏ္ဍာတိုက် (Services Trade and Investment Portal- STIP) တည်ထောင်ထားရှိမှုနှင့်စပ်လျဉ်း၍ Beta Version အား အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### စတုတ္ထနေရာတွင်ရှိ

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကုန်သွယ်မှုကဏ္ဍတွင် ဝန်ဆောင်မှုကုန်သွယ်ရေးသည် အလားအလာကောင်းများ ရှိနေသည့်အတွက် ဝန်ဆောင်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာအောင် ဆောင်ရွက်၍ ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အာဆီယံ၏ ၂၀၁၉ ခုနှစ်တွင် တရားဝင်ထုတ်ပြန်ထားသည့်စာရင်းအရ မြန်မာနိုင်ငံအနေဖြင့် GDP ၏ ၅၈ ရာခိုင်နှုန်းခန့်မှာ ဝန်ဆောင်မှုကုန်သွယ်ရေးမှ ရရှိခြင်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားတွင် စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံတို့ပြီးလျှင် စတုတ္ထနေရာတွင်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာအစီအမံ (Measures)များကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုတည်ထောင်ထားသည့် STIP Web Portal သည် ဝန်ဆောင်မှုကုန်သွယ်ရေး လုပ်ငန်းများနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို တစ်နေရာတည်းတွင် စုစည်းတွေ့မြင်ရမည့် website ဖြစ်ပြီး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို စုစည်းပြုစုထားရာတွင် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် FTAs များ၏ ကတိကဝတ်များနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုစုထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ (AEC 2025) လုပ်ငန်းစီမံချက်အရ အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ STIP Web Portal သည် မြန်မာနိုင်ငံ၏ ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍအတွက် များစွာအထောက်အကူဖြစ်စေပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများနှင့်ဆက်စပ်သည့် ဦးစီးဌာန ၃၅ ခုမှ ကိုယ်စားလှယ် ၄၄ ဦးတို့ကိုယ်စား တာဝန်ခံညွှန်ကြားရေးမှူး၊ Developer Company မှ နည်းပညာဆိုင်ရာတာဝန်ခံတို့က ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များဘဏ္ဍာတိုက် (Services Trade and Investment Portal- STIP) တည်ထောင်ထားရှိမှုနှင့် အသုံးပြုမှုဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ အနယ်နယ်အရပ်ရပ်ရှိ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များ ဘဏ္ဍာတိုက် တည်ထောင်ထားရှိမှုနှင့် အသုံးပြုမှုဆိုင်ရာများကို ပိုမိုရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် STIP တည်ထောင်ထားရှိမှုနှင့်စပ်လျဉ်းသည့် Beta Version အား အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားများကိုလည်း ဆက်လက်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေမြင့်တက်လာမည်ဖြစ်ပြီး မြစ်ရေတက်လာမှုအပေါ်မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်ကာ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန်အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြုခုတ်မောင်းကြရန် လိုအပ်သည်။

### သတိပြုခုတ်မောင်း

ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလတွင် ရှိခဲ့သော သောင်နှင့် ကျွန်းများရေမြုပ်၍ ရေမွှာပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့ကြောင့် ရေအနက် မလုံလောက်သော ရေမွှာပေါက်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြုခုတ်မောင်းကြရန် လိုအပ်သည်။

မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်းပြသထားသည်။

ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများသည် ရေမြုပ်နေပြီး ရေလယ်တိုင်နှစ်ခုအကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့်တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်လိုအပ်သည်။ အထူးသဖြင့် မိမိ၏ သယ်ဆောင်ဝန်နှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်း မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည် ဖြစ်သည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်သည့်အခါ ရေယာဉ်များ အန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် (၉) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက် တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင်အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာ သင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများ အနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့် ကာလများကို လစာမဲ့ခွင့်အဖြစ်သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှု ကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သက်မွေးပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ တက်ရောက်မှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၂၅**

အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)လက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်အောက်ရှိ သက်မွေးပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ တက်ရောက်မှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းများမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သက်မွေးပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ တက်ရောက်မှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်း အဝေးတွင် အမှာစကားပြောကြားစဉ်။

## သတင်းအမှန် ပြည်သူ့ထံ ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပ



**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် အမျိုးသားယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်)တို့ပူးပေါင်း၍ သတင်းအမှား၊ သတင်းအမှန် ခွဲခြားသုံးသပ်နိုင်ရေးအတွက် သတင်းအမှန် ပြည်သူ့ထံ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမျိုးသားယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်)တွင် ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)နှင့် အတွင်းရေးမှူး ဦးအောင်ပြည့်စုံတို့က ဆွေးနွေးဟောပြောကြသည်။

ဟောပြောပွဲသို့ အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်နှင့်အတူ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ ဟောပြောပွဲတွင် သတင်းအမှား၊ အမှန်ခွဲခြားသုံးသပ်နိုင်စေရန်အတွက် သာဓကများ၊ အချက်အလက်များအပြည့်အစုံဖြင့် ဆွေးနွေးဟောပြောကြပြီး လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြလျက်ရှိသော သတင်းများကို နည်းပညာအသုံးပြု၍ အမှား၊ အမှန်ခွဲခြားသုံးသပ်နိုင်မည့် နည်းလမ်းများအပြင် နိုင်ငံချစ်စိတ်၊ အမျိုး၊ ဘာသာ၊ သာသနာကို လေးစားသည့် စိတ်ဓာတ်များဖြစ်ပေါ်လာစေရေး၊ နိုင်ငံချစ်စိတ်မြင့်မားရေးနှင့် စာပေဖတ်ရှုလေ့လာမှုပြုရေးများ ထည့်သွင်းဆွေးနွေးဟောပြောကြကြောင်း သိရသည်။

ဟောပြောပေးသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များအား ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။(ဝဲပုံ) **သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၂ -၂၀၂၃ ပညာသင်နှစ်"
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်တတ်ရန်၊ လက်ကို ရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောတတ်ရန် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

# ရွှေရောင်လွှမ်းမည့် မြန်မာ့အားကစား တစ်ခေတ်ဆန်းချိန်

ကိုရင်မောင်

အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အာဆီယံနိုင်ငံများအတွင်း နှစ်နှစ်လျှင်တစ်ကြိမ် အလှည့်ကျကျင်းပသည့် အမြင့်ဆုံးအားကစားပြိုင်ပွဲဖြစ်သည်။ ယခု ၂၀၂၂ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အားကစားနည်း ၄၀ ဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမား ၂၉၃ ဦးတို့က အားကစားနည်း ၂၀ မျိုးတွင် ရေကုန်ရေခန်း အစွမ်းကုန် ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရပါသည်။

## ၂၀၁၉ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဆုတံဆိပ်ဇယား

| အဆင့် | NOC | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | PHI* | ၁၄၉ | ၁၁၇ | ၁၂၁ | ၃၈၇ |
| ၂ | VIE | ၉၈ | ၈၅ | ၁၀၅ | ၂၈၈ |
| ၃ | THA | ၉၂ | ၁၀၃ | ၁၂၃ | ၃၁၈ |
| ၄ | INA | ၇၂ | ၈၄ | ၁၁၁ | ၂၆၇ |
| ၅ | MAS | ၅၆ | ၅၇ | ၇၁ | ၁၈၄ |
| ၆ | SIN | ၅၃ | ၄၆ | ၆၈ | ၁၆၇ |
| ၇ | MYA | ၄ | ၁၈ | ၅၁ | ၇၃ |
| ၈ | CAM | ၄ | ၆ | ၃၆ | ၄၆ |
| ၉ | BRU | ၂ | ၅ | ၆ | ၁၃ |
| ၁၀ | LAO | ၁ | ၅ | ၂၉ | ၃၅ |
| ၁၁ | TLS | ၀ | ၁ | ၅ | ၆ |
| စုစုပေါင်း (11 NOCs) | | ၅၃၁ | ၅၂၇ | ၇၂၆ | ၁၇၈၄ |

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ မေလ ၂၃ ရက် နောက်ဆုံးနေ့ ရလဒ်ကိုကြည့်လျှင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သည့် အကြိမ် (၃၀)မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ နိုင်ငံအလိုက် သတ္တမအဆင့်အတိုင်းပင် တည်ရှိခဲ့ပါသည်။ ဆုတံဆိပ်ရရှိမှုတွင်မူ အကြိမ်(၃၀) မြောက်ကထက် ရွှေတံဆိပ်ဆု ပိုမိုရရှိခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ယခု(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု၊ ဆုတံဆိပ်စုစုပေါင်း ၆၂ ဆုရရှိခဲ့သည်။ ပြိုင်ပွဲတစ်လျှောက်လုံးကို ခြုံငုံကြည့်မည်ဆိုလျှင် မြန်မာအားကစားအဖွဲ့များမှ အားကစားသမားများသည် အနိုင်မခံ၊ အရှုံးမပေးသောစိတ်ဓာတ်၊ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ဂုဏ်ယူလိုသောစိတ်ဓာတ်၊ အားကစားသမားကောင်းစိတ်ဓာတ်တို့ဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရပါသည်။ ပြိုင်ပွဲတွင် အားကစားနည်း ၄၀ ရှိသည့်အနက် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၂၀ တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အားကစားနည်းအရေအတွက်၊ ပြိုင်ပွဲအရေအတွက်၊ အားကစားသမားအရေအတွက် သာလွန်သော နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ကွာခြားချက်ရှိမည်ဖြစ်သည်။

**ထိုက်တန်**

မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၂၀ တွင် အသင်းအလိုက်ဖြစ်စေ၊ တစ်ယောက်ချင်းအလိုက်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရှုံးနိမ့်မှုများထက် အောင်မြင်မှုပိုများသည်ကို တွေ့နိုင်ပါသည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်းများနှင့် ပွဲဝင်အရေအတွက်ပေါ် မူတည်၍ ယခုရရှိခဲ့သော အောင်မြင်မှုများအပေါ် မိမိတို့အနေဖြင့် ထိုက်တန်သည်ဟု သုံးသပ်မိပါသည်။ နိုင်ငံနှင့်လူမျိုးဂုဏ်ကို အတိုင်းအတာတစ်ခုအထိ အစွမ်းကုန်ဆောင်ကြဉ်းပေးနိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ပြိုင်ပွဲအစတွင်ပင် Kurash အားကစားနည်း +၈၇ ကီလိုတန်း ပွဲဦးထွက်အကြိုဗိုလ်လုပွဲ၌ မြန်မာအားကစားသမား မအေးအေးအောင်က ပြိုင်ဘက်အားကစားသမားများကို အနိုင်ယူခဲ့ပြီး မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ပွဲဦးထွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးပေးနိုင်ခဲ့သည်။

မေလ ၁၁ ရက်နေ့ ပွဲဦးထွက်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားက ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ရာ ဆုချီးမြှင့်ပွဲတွင် ဒုတိယဆုရ ဖိလစ်ပိုင်နိုင်ငံအလံနှင့် တတိယဆုရ ဗီယက်နမ်နိုင်ငံအလံ နှစ်ခု၏အလယ်အပေါ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ ငွားငွားစွင့်စွင့်လွင့်တက်ပြီး ကျန်ပြိုင်ပွဲနိုင်ငံများမှ အလေးပြုသည့်မြင်ကွင်း၊ မြန်မာအားကစားအဖွဲ့ဝင်များ နိုင်ငံတော်သီချင်းကိုသီဆို၍ အောင်ပွဲခံသည့်မြင်ကွင်းများသည် ပြည်သူတစ်ရပ်လုံး မြင်တွေ့လိုသည့်အောင်မြင်မှုဖြစ်သည့်အပြင် နိုင်ငံ့ဂုဏ်ကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ထုတ်ဖော်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဆက်လက်၍ ကာယဗလ ကာယအလှအားကစားနည်း၊ ဝူရှူး(ထောက်လှ)အားကစားနည်း၊ Rowing အားကစားနည်း၊ ဘိလိယက်တစ်ဦးချင်း၊ သေနတ်ပစ်အားကစားနည်း၊ ပီတန်းအားကစားနည်း၊ ဗိုဗီနမ်အားကစားနည်း၊ ကနူး/ကယက်လှေလှော်အားကစားနည်း၊ မြားပစ်အားကစားနည်း၊ တိုက်ကွမ်ဒိုအားကစားနည်း၊ ပိုက်ကျော်ခြင်း အမျိုးသမီး(နှစ်ယောက်တွဲ) အသင်းလိုက်ပြိုင်ပွဲ၊ လမ်းလျှောက်ပြိုင်ပွဲ၊ စနူကာတစ်ဦးချင်းပြိုင်ပွဲ၊ ဂျူဒိုအားကစားနည်း စသည့်ပြိုင်ပွဲတို့မှ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ရရှိခဲ့သည်။ အမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုနှစ်ပွဲ အနိုင်ရခဲ့သော်လည်း အုပ်စုတတိယပွဲတွင် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။ မြန်မာအမျိုးသမီးအသင်းသည် ပွဲစဉ်တစ်လျှောက်အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်ရောက်မှ လွဲချော်ခဲ့ရသည်။ အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်းရှုံးပွဲဆက်ခဲ့ပြီး သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။ ဘိလိယက် တစ်ယောက်ချင်းပွဲတွင် အနိုင်ရခဲ့သော်လည်း နှစ်ယောက်တွဲပွဲတွင် အရေးနိမ့်ခဲ့သည်။ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် အဆင့် ၆ သာရရှိခဲ့သည်။

**ထပ်ဆောင်းချီးမြှင့်**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြိုင်ပွဲဝင် အားကစားသမားများသည် ပြိုင်ပွဲပြီးဆုံးသည့် နောက်ဆုံးအချိန်အထိ မြန်မာတို့၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လတို့ဖြင့် ကြိုးစားရန်၊ ယှဉ်ပြိုင်ရန်၊ နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ရန် သန္နိဋ္ဌာန်ချထားကြသည်။ ပြိုင်ပွဲတစ်လျှောက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အားပေးမြှင့်တင်ချီးမြှင့်ပေးခဲ့သည်။ အားကစားဖြင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ပေးသည်နှင့်အမျှ နိုင်ငံတော်နှင့် ပြည်သူတို့က ဂုဏ်ပြုချီးမြှောက်ကြမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိခဲ့သည့်အားကစားသမားများအား နိုင်ငံတော်မှ ထပ်ဆောင်းချီးမြှင့်ငွေ ရွှေတံဆိပ်ဆုကို အမေရိကန်ဒေါ်လာ သုံးထောင်၊ ငွေတံဆိပ်ဆုကို အမေရိကန်ဒေါ်လာ နှစ်ထောင်၊ ကြေးတံဆိပ်ဆုကို အမေရိကန်ဒေါ်လာ တစ်ထောင်ချီးမြှင့်ခဲ့သည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်သည့် မြန်မာအားကစားအဖွဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အပ်နှင်းလိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလံတော်ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုနေသည်ဟူသည့် ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်အလံ တလူလူလွင့်ပျံနေရစေရေး ရေကုန်ရေခန်း အတတ်နိုင်ဆုံး အစွမ်းကုန် ကြိုးပမ်းခဲ့ကြသည်ကို တွေ့ရပါသည်။ အားကစားဖြင့် တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြပါသည်။ ပြိုင်ပွဲတွင် အားကစားနည်း ၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့်အနက် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၂၀၊ တစ်ဝက်သာ ယှဉ်ပြိုင်ခဲ့ကြပါသည်။ အကယ်၍ အားကစားနည်း အားလုံးနီးပါးတွင် ပါဝင်ယှဉ်ပြိုင်နိုင်ကြမည်ဆိုပါက ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ တဖွဲဖွဲနှင့် အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်မည်ဖြစ်သည်။

မြန်မာအားကစားကဏ္ဍသည် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် သူ့အတိုင်းအတာနှင့်သူ ထိုက်ထိုက်တန်တန် အောင်မြင်ခရီးပေါက်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်များသည် အနာဂတ်ကာလတွင် မြန်မာ့အားကစားကဏ္ဍ မြင့်မားတိုးတက်လာစေရေးအတွက် လက်တွေ့အကောင်အထည်ဖော်ရမည့် အချက်များဖြစ်နေသည်ကို သတိရမိပါသည်။

**"အနာဂတ်တွင် မြန်မာ့အားကစားကဏ္ဍ မြင့်မားတိုးတက်ပြီး ရွှေရောင်လွှမ်းသော အားကစားတစ်ခေတ်သို့ ပြန်လည်ရောက်ရေးအတွက် မြန်မာအားကစားနည်းများ ထုတ်ဖော်အားပေးမြှင့်တင်ရေးတွင် အခြားနိုင်ငံများနှင့် တန်းတူယှဉ်ပြိုင်နိုင်မည့် အားကစားနည်းများ လိုအပ်လျက်ရှိသည်ကို ယခုအခါ လက်တွေ့မြင်တွေ့ရပြီ"**

## ၂၀၂၂ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဆုတံဆိပ်ဇယား

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

31st SEA GAMES VIET NAM 2021

၂၃-၅-၂၀၂၂

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဗီယက်နမ် | ၂၀၅ | ၁၂၁ | ၁၁၅ | ၄၄၁ |
| ထိုင်း | ၉၀ | ၁၀၃ | ၁၃၄ | ၃၂၇ |
| အင်ဒိုနီးရှား | ၆၈ | ၉၁ | ၈၁ | ၂၄၀ |
| စင်ကာပူ | ၅၀ | ၆၉ | ၁၀၁ | ၂၂၀ |
| ဖိလစ်ပိုင် | ၄၇ | ၄၆ | ၇၃ | ၁၆၆ |
| မလေးရှား | ၃၉ | ၄၅ | ၈၉ | ၁၇၃ |
| မြန်မာ | ၉ | ၁၈ | ၃၅ | ၆၂ |
| ကမ္ဘောဒီးယား | ၈ | ၁၃ | ၃၈ | ၅၉ |
| လာအို | ၂ | ၇ | ၃၂ | ၄၁ |
| ဘရူနိုင်း | ၁ | ၁ | ၁ | ၃ |
| တီမောလက်စ်တေ | ၀ | ၃ | ၁ | ၄ |

စာမျက်နှာ ၇ သို့ ☆

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မုံရွာ မေ ၂၅

၂၀၂၂ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၁၉) နှစ်အောက် အမျိုးသားဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်း အနားကို မေ ၂၄ ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ရေးဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲစဉ်အဖြစ် စစ်ကိုင်းခရိုင် ဘောလုံးအသင်းနှင့် ရွှေဘိုခရိုင်ဘောလုံး အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှု အားပေးသည်။ ဗိုလ်လုပွဲတွင် စစ်ကိုင်း ခရိုင်အသင်းက ရွှေဘိုခရိုင် အသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနား ကိုကျင်းပရာ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တိုင်းဒေသကြီး ညွှန်ကြားရေး မှူးက ဗိုလ်လုပွဲတွင် အကောင်းဆုံး ကစားသမားဆုရ စစ်ကိုင်းခရိုင်ဘောလုံး အသင်းမှ မောင်မင်းထက်နိုင်အား Daily Man Of Match ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေကျပ် ငါးသောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင် ကျော်တို့က ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိကြသော အားကစား သမားများအား ဆုတံဆိပ်နှင့် ငွေသားဆု များအား ပေးအပ်ချီးမြှင့်ကြသည်။




ဆက်လက်၍ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ကျော်ထွန်းက ပူးတွဲတတိယဆုရရှိသော ကန့်ဘလူခရိုင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားကျပ် ငါးသိန်းကို လည်းကောင်း၊ တိုင်းဒေသကြီး သယံ ဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက ပူးတွဲတတိယဆုရရှိသော ခန္တီးခရိုင် အသင်းအား တစ်ဦးချင်းဆုတံဆိပ်များ နှင့် ငွေသားဆုငွေကျပ် ငါးသိန်းတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှု ရေးရာဝန်ကြီး ဦးအေးလှိုင်က ဒုတိယ ဆုရရှိသော ရွှေဘိုခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ် ခုနစ်သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးက ပထမဆုရရှိသော စစ်ကိုင်းခရိုင် ဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြ သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆုရရှိသော စစ်ကိုင်းခရိုင်ဘောလုံး အသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုငွေကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကြဲပက် သရုပ်ပြသ

ညောင်လေးပင် မေ ၂၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ညောင်လေးပင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ခရိုင်မြို့အဖြစ် စံကိုက်မြှင့်တင်နိုင်ရေး လိုအပ်ချက်များ ကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညောင်လေးပင်မြို့နယ် ပြည်သူ့ ဆေးရုံသို့ရောက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ထောက်ပံ့ ငွေများပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇီးကုန်းလေးစံပြကျေးရွာ တောင်သူဒေါ်တင်နု၏ ထိုင်းနံ့ကောက်စပါးရိတ်သိမ်းခြွေလှေ့နေမှုကိုလည်းကောင်း၊ ထိန်တပင်ကျေးရွာသို့ရောက်ရှိပြီး စီးပွားဖြစ်ဒေသကြက်မွေးမြူရေးခြံ ၂၀ ခြံ၌ ဒေသကြက်ကောင်ရေ ၈၁၀၀ မွေးမြူနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ထိန်တပင်ကျေးလက်ကျန်းမာရေးဦးစီးဌာနကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ပေါက်တပင် ကျေးရွာ၌ တစ်ကွင်းတစ်ဆက်တည်း မြေဧရိယာဧက ၅၀ မြေဆီလွှာဖွံ့ဖြိုးတိုးတက် ရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ကြဲပက်သရုပ်ပြသမှုကို ကြည့်ရှုအားပေးပြီး သဘာဝမြေဩဇာဖြစ်သည့် ပိုက်ဆံလျှော်မျိုးစေ့များ တောင်သူတိုင်းစိုက်ပျိုးနိုင်ရေး မျိုးစေ့များဖြန့်ဝေပေးရန်နှင့် စဉ်ဆက်မပြတ် မျိုးပြန်လည်ရရှိရေး အသိပညာပေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်ကြီးမြို့၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

တောင်ကြီး မေ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင် ကြီးမြို့ သစ်တောကြိုးဝိုင်းဧရိယာအတွင်း ယနေ့ နံနက် ၈ နာရီခွဲက လွိုင်ခမ်း အိမ်ရာအတွင်း၌ မိုးရာသီအကြိုသစ်ပင် စိုက်ပျိုးပွဲ ကျင်းပသည်။

မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်အသီးသီးတွင် မိုးရာသီ အကြိုသစ်ပင်စိုက်ပျိုးပွဲပေါင်း ၃၆ ပွဲ၊ သစ်တောသစ်ပင် ၂၆၄၄၀ စိုက်ပျိုးသွား မည်ဖြစ်ပြီး လက်ရှိတွင် ၁၈ ပွဲနှင့် သစ်တော သစ်ပင် ၁၁၃၆၅ ပင် စိုက်ပျိုးပြီးဖြစ် ကြောင်း၊ ကျန် ၁၈ ပွဲကို မေလအတွင်း အပြီးစိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ ဇွန်လနှင့် ဇူလိုင်လများတွင်လည်း ရှမ်း ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် သစ်ပင်စိုက်ပျိုးမှုများကို ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရှမ်းပြည် နယ်သစ်တောဦးစီးဌာနသည် ယခုနှစ် မိုးရာသီတွင် သစ်မျိုး ၅၆ မျိုး၊ ပျိုးပင် ပေါင်း ၂၇ သိန်းအား ပျိုးထောင်ထားရှိပြီး အင်းလေးကန်ရေဝေရေလဲထိန်းသိမ်းရေး၊ ကလောမြို့ကို ထင်းရှူးမြို့တော်ဖြစ် စေရေး၊ မြန်မာနိုင်ငံသစ်တောများ



ပြန်လည်တည်ထောင်ရေး စသည့် စီမံချက်များအရ သစ်တောသစ်ပင် ၁၄ သိန်း၊ ဌာနဆိုင်ရာ၊ တပ်ရင်းတပ်ဖွဲ့နှင့် ပြည်သူလူထုသို့ သစ်တောသစ်ပင် ၁၃ သိန်း စုစုပေါင်း ၂၇ သိန်းကို ဖြန့်ဝေစိုက်ပျိုး သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီး ချုပ်က ခါတော်မီပျိုးပင်နှင့် ထင်းရှူး ပျိုးပင်များကို ဌာနဆိုင်ရာနှင့် ပြည်သူများကို ပေးအပ်ပြီး ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က အမျိုးသမီးရေးရာအဖွဲ့ နှင့်ဒေသခံတိုင်းရင်းသား တိုင်းရင်းသူ များကို စိန်ပန်းပြာပျိုးပင်များပေးအပ်ခဲ့ သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ချယ်ရီပင်ကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာ များ၊ NGO အဖွဲ့အစည်းများ၊ ပြည်သူများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုသည်။ အဆိုပါ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးမှုတွင် စိန်ပန်းပြာ ၂၁၂ ပင်၊ ချယ်ရီပင် ၃၃၅ ပင်၊ ထင်းရှူး ၇၆ ပင် စုစုပေါင်း ၆၂၃ ပင် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## မြန်မာ့ ပင်လယ်ပြင်

နေပြည်တော် မေ ၂၅

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာမြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

☆ စာမျက်နှာ ၆ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "အားကစားဆောင်ရွက် ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ရှင်သန် ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာ ကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သောကြောင့် အားကစားနှင့်ပတ်သက်၍ အားပေးဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံ၏ အားကစားကဏ္ဍအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အားနည်းလျက်ရှိသည်ကိုတွေ့ရှိရပြီး အဆင့် အတန်းတစ်ခုသို့ ရောက်ရှိစေရေး အခြေခံကျကျ စဉ်းစားသွားရမည်ဖြစ်ကြောင်း၊ အားကစားကဏ္ဍ တိုးတက်ရေးသည် ချက်ချင်းဆောင်ရွက်၍မရဘဲ အဆင့်ဆင့်ပြန်လည်ပြင်ဆင်၍ စနစ်တကျ လုပ်ဆောင်သွားရမည်ဖြစ်ကာ နောင်လာမည့် ဆယ်စုနှစ်တစ်ခုအတွင်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ "မြန်မာ့ အားကစား ကမ္ဘာကိုလွှမ်းရမည်" ဟူသည်မှာ မြန်မာ့အားကစားလုပ်ဆောင်မှုများသည် ကမ္ဘာ တစ်ဝန်းသို့ လွှမ်းမိုးနေရမည်ဟု မဆိုလိုဘဲ မြန်မာ တို့၏ ရိုးရာအားကစားနည်းများကို ကမ္ဘာက သိရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ရိုးရာ အားကစားနည်းများ၏ အဆင့်အတန်းမြင့်မားရေး၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ထည့်သွင်း ယှဉ်ပြိုင်နိုင်ရေးတို့အတွက်လည်း ဆက်လက် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း" ပြောကြား ခဲ့သည်။

အနာဂတ်တွင် မြန်မာ့အားကစားကဏ္ဍ မြင့်မားတိုးတက်ပြီး ရွှေရောင်လွှမ်းသော အားကစားတစ်ခေတ်သို့ ပြန်လည်ရောက်ရေး အတွက် မြန်မာအားကစားနည်းများ ထုတ်ဖော် အားပေးမြှင့်တင်ရေးတွင် အခြားနိုင်ငံများနှင့် တန်းတူယှဉ်ပြိုင်နိုင်မည့် အားကစားနည်းများ လိုအပ်လျက်ရှိသည်ကို ယခုအခါ လက်တွေ့ မြင်တွေ့ရပြီဖြစ်သည်။ ထို့ကြောင့် မြန်မာတို့၏ ရိုးရာအားကစားနည်းများ အဆင့်အတန်း မြင့်မားရေး၊ နိုင်ငံတကာအားကစားပြိုင်ပွဲများ တွင် မြန်မာတို့၏ အားကစားနည်းများ အစုံအလင် ကို ပါဝင်ထည့်သွင်းယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သို့မှသာ ရွှေရောင်လွှမ်းသော အားကစားတစ်ခေတ်ဆန်း ချိန်သို့ ရောက်ရှိလာမည်ဟု ယုံကြည်ပါ ကြောင်း။ ။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ဆေးလိပ်ကင်းစင် ကမ္ဘာတစ်ခွင်

**ခင်သန်းလှိုင် (စာပေလက်ထောက်-၂)၊ ထုတ်လုပ်ရေးဌာနခွဲ**



ကျန်းမာရေးပညာပေးလုပ်ငန်းတွင် အခြေခံအကျဆုံးဖြစ်သော ဆေးလိပ်အန္တရာယ်ကာကွယ်ရေးကို ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိသည်။

“ဆေးလိပ်အစ၊ မူးယစ်ဆေးဝါးအလယ်၊ အေအိုင်ဒီအက်စ်အဆုံး” ဟူသည့် ဆောင်ပုဒ်အတိုင်း ဆေးလိပ်သည် သေမင်းတံခါးဝဖြစ်ပါသည်။ ဆေးလိပ်ကစ၍ ရှောင်ကြဉ်နိုင်မှသာ ကျန်းမာရေးအတွက် စိတ်ချရမည်ဖြစ်ပါသည်။

**ဓာတုဗေဒပစ္စည်း ၇၀၀၀ ကျော်ပါဝင်**

လူတစ်ဦးသောက်လိုက်သောစီးကရက်အငွေ့တွင် အဆိပ်အတောက်ဖြစ်စေသည့် ဓာတုဗေဒပစ္စည်း ၇၀၀၀ ကျော်ပါဝင်ပြီး ၎င်းတွင် အနည်းဆုံးပစ္စည်းအမျိုး ၇၀ မှာ ကင်ဆာဖြစ်စေနိုင်ကြောင်း လေ့လာသိရှိရသည်။ ၎င်းတို့သည် ခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းများ အဖွဲ့အစည်းအားလုံးနီးပါးကို ပျက်စီးစေပါသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများတွင် အဓိကပါဝင်သော ဓာတုပစ္စည်းများထဲ၌ လူကိုဒုက္ခအပေးဆုံးပစ္စည်းမှာ “နီကိုတင်း” ဖြစ်ပြီး နီကိုတင်းသည် စွဲစေတတ်သောသဘောရှိသည်။

နီကိုတင်း၏ စွဲစေတတ်သောသဘောကြောင့် ဆေးလိပ်ကိုအစပြု၍ သောက်မိသူ၊ ဆေးရွက်ကြီးကို အစပြု၍ စားမိ၊ ငုံမိသူများသည် ဖြတ်မရဘဲ စွဲလမ်းသွားတတ်ကြခြင်းဖြစ်ပါသည်။ နီကိုတင်းသည် လူ၏ဦးနှောက်ကို စွဲလမ်းစိတ်ရောဂါဖြစ်စေသည့်အပြင် ကုသ၍မရသောရောဂါဖြစ်ပါသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးဖြစ်သော စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဖက်လိပ်၊ ဆေးတံ၊ ကွမ်းယာတွင် ဆေးထည့်စားခြင်း၊ ဆေးရွက်ကြီးငုံခြင်း စသည်တို့သည် သောက်သုံးသူကိုလည်းကောင်း၊ အငွေ့ရှူရှိုက်မိသူအားလုံးကိုလည်းကောင်း ဒုက္ခပေးတတ်ပါသည်။ နှလုံးသွေးကြောကျဉ်းရောဂါ၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အစာအိမ်ရောဂါ၊ ခံတွင်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ လေပြွန်ကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ရုတ်တရက် လေဖြတ်ခြင်း စသည်တို့ကိုဖြစ်ပေါ်စေပြီး အရွယ်မတိုင်မီ စောစီးစွာ သေဆုံးစေနိုင်ပါသည်။ ကိုယ်ဝန်ဆောင်စဉ် ဆေးလိပ်သောက်သုံးလျှင် ကိုယ်ဝန်ပျက်ခြင်း၊ လမစေ့ဘဲမွေးခြင်း၊ ကလေးအသေမွေးခြင်း၊ အလေးချိန်မပြည့်သော ကလေးမွေးခြင်းစသည်တို့ ဖြစ်တတ်ပါသည်။

ဆေးလိပ်သောက်သည့်မိခင်မှ မွေးဖွားလာသည့်ကလေးသည် ကြီးထွားမှုနှေးပြီး ကြုံလှီသေးကွေးသည်။ ဉာဏ်ရည်ဖွံ့ဖြိုးမှုမရှိဘဲ စာသင်ကြားရာ၌ ခက်ခဲတတ်သည်။ ထို့အပြင် မိဘဆွေမျိုးမိသားစုများ၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်နေရသည့် ကလေးငယ်များမှာ ရင်ကျပ်ခြင်း၊ အဆုတ်ရောင်ခြင်း၊ နားပြည်ယိုခြင်း စသည်တို့ဖြစ်တတ်သည့်အပြင် ရုတ်တရက် လသားအရွယ်ကလေး သေဆုံးခြင်းအထိ ဖြစ်တတ်ပါသည်။ ဆေးလိပ်ကို ကိုယ်တိုင်မသောက်သုံးသော်လည်း သူတစ်ပါးသောက်သည့်အငွေ့ကို ရှူရှိုက်ရခြင်းဖြင့် ရောဂါရရှိနိုင်ပါသည်။

ဆေးလိပ်အခိုးအငွေ့များသည် ပန်းနာရင်ကျပ်ရောဂါဖြစ်စေပြီး ရောဂါရှိသူကို ပို၍ဆိုးစေသည့်အပြင် အဆုတ်ပွရောင်ရောဂါ၊ အဆုတ်ရောင်ရောဂါတို့ကိုလည်းဖြစ်ပွားစေသည်။ ဆေးလိပ်မီးခိုးငွေ့တွင် ပင်မဆေးလိပ်ငွေ့နှင့် ဘေးထွက်ဆေးလိပ်ငွေ့ဟူ၍ နှစ်မျိုးခွဲခြားထားသည်ဟုဆိုပါသည်။ ပင်မဆေးလိပ်မီးခိုးငွေ့ဆိုသည်မှာ ဆေးလိပ်သောက်သူသည် ဆေးလိပ်ငွေ့ကို အစီခံမှတစ်ဆင့် ဖြတ်သန်းပြီး ရှူရှိုက်သည့်ဆေးလိပ်ငွေ့ဖြစ်သည်။ ဆေးလိပ်သောက်သူကရှူရှိုက်ပြီးနောက် လေထဲသို့ ဖွာထုတ်လိုက်သော ဆေးလိပ်ငွေ့ဖြစ်သည်။ ဘေးထွက်ဆေးလိပ်ငွေ့ဆိုသည်မှာ မီးညှိထားသောဆေးလိပ်မှ ထွက်ပေါ်နေသော ဆေးလိပ်အငွေ့ကို ခေါ်သည်။

ဆေးလိပ်သောက်သူက တစ်ဖွာနှင့်တစ်ဖွာကြားတွင် ဆေးလိပ်ကိုလက်ကြားညှပ်၍ ကိုင်ထားစဉ်သော်လည်းကောင်း၊ မီးညှိထားသောဆေးလိပ်ကို ချထားစဉ်သော်လည်းကောင်း မီးညှိထားသော ဆေးလိပ်မှ ထွက်ပေါ်နေသောအငွေ့ဖြစ်သည်။ ၎င်းနှစ်မျိုးတွင် ဓာတ်ပစ္စည်းပါဝင်မှု မကွဲပြားသော်လည်း အစီခံမှ ဖြတ်သန်းလာခြင်းမဟုတ်ဘဲ တိုက်ရိုက်ဆေးရွက်ကြီးမီးလောင်ပြီး ထွက်လာသောတစ်ဆင့်ဆေးလိပ်ငွေ့တွင် ဓာတ်ပစ္စည်းအချိုးအဆပိုမိုများကြောင်း တွေ့ရပါသည်။ ပတ်ဝန်းကျင်လေထုအတွင်းရှိ ဆေးလိပ်ငွေ့များမှာ တစ်ဆင့်ခံဆေးလိပ်ငွေ့များဖြစ်သည်။ ထိုတစ်ဆင့်ခံဆေးလိပ်ငွေ့တွင် နီကိုတင်းနှင့် ကင်ဆာဖြစ်စေသောဓာတ်ပစ္စည်းများပိုမိုပါဝင်သည်။

**ဆေးလိပ်မီးခိုးငွေ့**

ခန္ဓာကိုယ်အတွင်းသို့ ဆေးလိပ်မီးခိုးငွေ့ဝင်ရောက်သော အဓိကနေရာသည် အသက်ရှူလမ်းကြောင်းဖြစ်သည်။ သို့သော် ဆေးတံနှင့် ဆေးပြင်းလိပ်မီးခိုးများမှ များစွာသော ဓာတုပစ္စည်းများသည် တံတွေးတွင်ပျော်ဝင်၍ ခံတွင်းအမြှေးပါးများမှ စုပ်ယူခြင်းဖြင့်လည်းကောင်း၊ မျိုချခြင်းဖြင့်လည်းကောင်း ခန္ဓာကိုယ်ထဲသို့ ရောက်ရှိနိုင်ပါသေးသည်။ လေဝင်လေထွက်မကောင်းသောအခန်းများ၊ အလုံပိတ်အဆောက်အအုံများထဲ၌ ဆေးလိပ်သောက်သုံးပါက ဆေးလိပ်ငွေ့မှာ အခန်းထဲရှိ လေထုအတွင်း ပျံ့နှံ့ပြီး ရှူရှိုက်ရသူများကို ဘေးဥပဒ်ဖြစ်စေပါသည်။ ဆေးရုံများ၊ ကျောင်းများ၊ ရုံးများ၊ ကားမှတ်တိုင်၊ ဘူတာရုံ၊ မီးရထား၊ မော်တော်ကား စသော လူစုဝေးရာနေရာများတွင် ဆေးလိပ်သောက်ပါက နံဘေးမှလူများကို အနှောင့်အယှက်ဖြစ်စေပြီး ရောဂါဘယဖြစ်စေပါသည်။

“သံကိုဖျက် သံချေးတက်” ဆိုသည့်စကားအတိုင်း ဆေးလိပ်သောက်ခြင်းသည် လူငယ်ကို လူငယ်အချင်းချင်း ဖျက်ခြင်းဖြစ်ပါသည်။

> “လူငယ်လူရွယ်များနှင့် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အန္တရာယ်ပြုနေသည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု လျှော့ပါးရေးအတွက် မိမိကိုယ်တိုင် ဆေးလိပ်မသောက်သူဖြစ်စေရန်နှင့် မိမိပတ်ဝန်းကျင်တွင် ဆေးလိပ်သောက်သူများမရှိအောင် စည်းရုံးပညာပေးရန် လိုအပ်ပါသည်။ နိုင်ငံ၏အမျိုးသားရေးအင်အားစုများ ကြံ့ခိုင်ကျန်းမာသန်စွမ်း၍ ရောဂါဘယ ကင်းရှင်းကြမှသာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်တိုးတက်ထွန်းကားနိုင်မည်ဖြစ်သည့်အတွက် ဆေးလိပ်ကင်းစင်သော ကမ္ဘာကြီးဖြစ်လာရေးအတွက် လူငယ်လူရွယ်များနှင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်”

“အတုမြင် အတတ်သင်” ဆိုသလိုပင် ဆေးလိပ်သောက်သောလူငယ်တစ်ဦးမှတစ်ဆင့် အခြားလူငယ်များအတွင်းသို့ ပျံ့နှံ့တတ်သလို မီဒီယာ၊ ရုပ်ရှင်၊ ရုပ်သံဇာတ်လမ်းတွဲစသည့် အနုပညာရသတို့မှလည်း လူငယ်များသည် အတုမြင်၊ အတတ်သင် အတုခိုးတတ်ကြပါသည်။

**မေတ္တာရပ်ခံထားသည့် အချက်များ**

ဆေးလိပ်သောက်သော လူငယ်လေးများကြောင့် လုပသောအနာဂတ်တွင် ကင်ဆာရောဂါများ၊ မူးယစ်ဆေးဝါးများ၏ သားကောင်များ ပေါ်လာသည့်နိမိတ်ဆိုးများ လောင်းရိပ်ထိုးနေတတ်သည်။ ထိုကဲ့သို့ လူကိုအန္တရာယ်ဖြစ်စေတတ်သော ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ်ကို တားဆီးကာကွယ်နိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံများစွာကို မေတ္တာရပ်ခံထားသည့် အချက်များမှာ ဆေးရွက်ကြီးစိုက်ပျိုးရေးနှင့် ဆေးလိပ်တင်သွင်းမှု လျှော့ချခြင်း၊ ဆေးလိပ်ကြော်ငြာများ ကန့်သတ်ခြင်း၊ ဆေးလိပ်အပေါ်တွင် အခွန်တိုးမြှင့်ကောက်ခံပြီး ဆေးလိပ်ဈေးနှုန်းမြှင့်တင်ခြင်း၊ အသက်မပြည့်သော ကလေးလူငယ်များအား ဆေးလိပ်ရောင်းချမှုမပြုခြင်း၊ ဆေးလိပ်၏ မကောင်းသောဆိုးကျိုးများကို အများပြည်သူ၊ ကျောင်းသား ကျောင်းသူများ သိရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးခြင်း၊ ဆေးလိပ်သောက်သူများတွင် ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူကလေးများ အများအပြားပါဝင်နေသောကြောင့် ကျောင်းများသို့ ဝင်ရောက်၍ ပညာပေးဟောပြောခြင်း၊ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာပြိုင်ပွဲများကျင်းပပေးခြင်း၊ ဆေးလိပ်သောက်ခြင်းကို ပြည်သူများ ဥပဒေကဲ့သို့ တိကျစွာရှောင်ကြဉ်နိုင်ရန် တင်းကျပ်သောစည်းကမ်းများ ချမှတ်ပြီး လိုက်နာစေခြင်း၊ ဆေးလိပ်မသောက်ရနယ်မြေများ သတ်မှတ်ပေးခြင်းတို့ဖြစ်သည်။

**ဆုံးဖြတ်အကောင်အထည်ဖော်**

သို့ဖြစ်ရာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများသောက်သုံးမှုကြောင့် ရောဂါအမျိုးမျိုးဖြစ်ပွား၍ လူသားများ အရွယ်မတိုင်မီ သေဆုံးလျက်ရှိကြသည့် လူမှုဒုက္ခကို ကာကွယ်တားဆီးရန် ၁၉၉၈ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံအမျိုးသားကျန်းမာရေးကော်မတီ၏ (၂၆) ကြိမ်မြောက်အစည်းအဝေးတွင် ဆုံးဖြတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ထိုဆုံးဖြတ်ချက်များမှာ ဆေးရုံ၊ စာသင်ကျောင်း၊ အစိုးရရုံးများ၊ ရုပ်ရှင်ရုံ၊ စက်ရုံများအတွင်း ဆေးလိပ်မသောက်ရ ပညာပေးဆိုင်းဘုတ်များ တပ်ဆင်ပြီး တားမြစ်ရန်၊ ထိုနေရာများ၏ အပြင်ဘက်သီးသန့်နေရာ၌သာ ဆေးလိပ်သောက်နယ်မြေ သတ်မှတ်ရန်၊ အများပြည်သူ အသုံးပြုသည့် ကုန်း၊ ရေ၊ လေယာဉ်များပေါ်တွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်ရန်၊ စာသင်ကျောင်းများနှင့် ဆေးရုံများ ပတ်ဝန်းကျင်တွင် စီးကရက်၊ ဆေးလိပ်ကြော်ငြာဆိုင်းဘုတ်များထောင်ခြင်း၊ ဆေးလိပ်ဆိုင်ဖွင့်ခြင်းတို့ကိုတားမြစ်ရန်၊ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားများမှ ဆေးလိပ်၊ စီးကရက်အန္တရာယ် ကျန်းမာရေးပညာပေးအစီအစဉ်များ ထုတ်လွှင့်ပေးရန်၊ စာသင်ကျောင်းများနှင့် ပြည်သူလူထုအတွင်း ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ရန်၊ ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်မြင်သံကြားတို့တွင် ဆေးလိပ်၊ စီးကရက်ကြော်ငြာများတားမြစ်ရန် စသည့်အချက်များကို ဆုံးဖြတ်အကောင်အထည်ဖော်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆေးရွက်ကြီးမှထွက်သော ပစ္စည်းအမျိုးမျိုးဖြစ်သည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံစသည်တို့ကို သောက်ရှူခြင်း၊ ကွမ်းယာတွင် ဆေးထည့်စားခြင်း၊ ဆေးရွက်ကြီးငုံခြင်းတို့ကြောင့် ရောဂါအမျိုးမျိုး ဖြစ်ပွား၍ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဒုက္ခများ ခံစားနေရသည့်အန္တရာယ်ကို လူအများသိမြင် သဘောပေါက်လာစေရန်အတွက်

စာမျက်နှာ ၉ သို့ *

## လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပေါင်မြို့နယ် အလုပ်ကျေးရွာရှိ လေဘေးသင့်ပြည်သူများကို ထောက်ပံ့ငွေများနှင့် ပစ္စည်းများပေးအပ်

နေပြည်တော် မေ ၂၅

မွန်ပြည်နယ် ပေါင်မြို့နယ် အလုပ်ကျေးရွာ၌ မေ ၂၄ ရက် မွန်းလွဲပိုင်းတွင် လေဆင်နှာမောင်း တိုက်ခတ်ခဲ့သဖြင့် အဆိုပါကျေးရွာရှိ နေအိမ် ၈၈ လုံးနှင့် ဘုန်းတော်ကြီးကျောင်း သုံးကျောင်း ပျက်စီးခဲ့ပြီး အဆိုပါ ဒေသခံပြည်သူများ အတွက် ထောက်ပံ့ငွေများနှင့် ပစ္စည်းများပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျေးရွာရှိ တိပိဋကရာမပရိယတ္တိ မွန်ကျောင်း၌ ပြုလုပ်ရာ မွန်ပြည်နယ် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥက္ကဋ္ဌ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊



အလှူရှင်များ၊ လေဘေးသင့် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများနှင့် ပစ္စည်းများ ပေးအပ်ရာ လေဘေးသင့် ပြည်သူများကိုယ်စား တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကော့သောင်းခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ရှေးဦးပြုစုခြင်းအခြေခံသင်တန်း ဖွင့်လှစ်

ကော့သောင်း မေ ၂၅

ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကော့သောင်းခရိုင် ကြက်ခြေနီတပ်ဖွဲ့တို့ပူးပေါင်းကာ ၂/၂၀၂၂ ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကော့သောင်းခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

ဖွင့်ပွဲအခမ်းအနားတွင် ကော့သောင်းခရိုင် ကြက်ခြေနီကော်မတီဥက္ကဋ္ဌ ဦးကံမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး



ကော့သောင်းခရိုင် ကြက်ခြေနီတပ်ဖွဲ့ တပ်ဖွဲ့မှူး ဦးကိုကိုကြီးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါ ရှေးဦးပြုစုခြင်းအခြေခံသင်တန်းတွင် ကြက်ခြေနီတပ်ဖွဲ့များ ဆောင်ရွက်ရမည့် ရှေးဦးပြုစုနည်း အခြေခံသဘောတရားများနှင့် ဝတ္တရားများ၊ လူနာဆန်းစစ်ခြင်း၊ ဒဏ်ရာရခြင်းနှင့် သွေးယိုစီးခြင်းကို ကာကွယ်ခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊အပူလောင်ခြင်းအဆိပ်သင့်ခြင်း၊ သတ္တဝါနှင့်ပိုးမွှားများကိုက်ခြင်း၊ တုပ်ခြင်း၊ အရိုးအဆစ်နှင့် ကြွက်သားဒဏ်ရာရမှုကိုပြုစုခြင်း၊ဆေးထည့်ခြင်းနှင့် ပတ်တီးစည်းနည်း၊ သတိလစ်မေ့မျောမှုကိုပြုစုနည်း၊ ဆို့နင်ခြင်းကိုပြုစုနည်း စသည့် ဘာသာရပ်များကို သင်တန်းနည်းပြလေးဦးက စာတွေ့၊လက်တွေ့များဖြင့် သင်တန်းကာလနှစ်ရက်တာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး ကော့သောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်(၁၀)ရပ်ကွက်မှ စေတနာ့ဝန်ထမ်း လူငယ်လူရွယ် ၁၅ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၂၅

မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

## စွမ်းတဲ့ခြေလှမ်း

❖ အမျိုးသားရေး ရည်မှန်းချက်
ချမှတ်လျက် ဆောင်ရွက်ခါ။
တိုင်းပြည်သာယာ ဝပြောရေး
မနေ့ရှက်တာ။
စားရေရိက္ခာဖူလုံကာ
ပြည်နဲ့မှာ ငြိမ်းကာချမ်း
တို့မြန်ပြည် အတည်လှဖို့
ညီကြစိတ်ဝမ်း။

❖ ပြည်သာယာ ဝပြောဖို့
စိုက်မွေးတို့ အခြေခံ။
ကုန်ထုတ်မှု ခေတ်မီရေး
အလေးပေးပြန်။
ခြားကဏ္ဍ တိုးတက်ရန်
ဈေးကွက်ဖန် ဖော်ဆောင်လို့။
များပြည်သူ စီးပွားရေး
တိုးပွားစေဖို့။

❖ ဒို့တာဝန် ရေးသုံးပါး
တို့များက ကာလို့ကွယ်။
သည်တာဝန် မြဲစောင့်ရှောက်
မဖောက်ပြားတယ်။
အမျိုးသားရေး တာဝန်ကွယ်
တို့တွေမယ် ညီညာတွဲ။
မျိုးဘာသာ သာသနာကျိုး
သယ်ပိုးကြမြဲ။

❖ အမျိုးသား နိုင်ငံရေး
မနေးလို့ ကောင်ထည်ဖော်။
ပြည်သူတွေ ပြည်သာဖို့
ပေါင်းလို့ပါနော်။
တိုင်းရင်းသား နောင်ညီဖော်
စွမ်းကုန်နော် ကြိုးကာပမ်း
တို့မြန်ပြည် သာယာလျှမ်းဖို့
တို့နောင်ညီ ညီကာထမ်းကြမယ်
စွမ်းတဲ့ခြေလှမ်း။ ။

ပြေအေးသက်

✲ စာမျက်နှာ ၈ မှ

"မိခင်နှင့်ကလေးကျန်းမာရေး ဆေးလိပ်ရှောင်ကြဉ်ပေး"၊ "ဆေးလိပ်ကင်းဝေးကြီးပြင်းရေး"၊ "ဆေးလိပ်ဖြတ်ပါ ဘဝတာ ကျန်းမာစေကြောင်း နည်းလမ်းကောင်း"၊ "ဆေးလိပ်ကြော်ငြာ ဆွဲဆောင်အား၊ အန္တရာယ်ရှိသည် သတိထား"၊ "လေထုသန့်စင်ဖို့ ဆေးလိပ်ရှောင်ကြဉ်ကြစို့"၊ "သင့်ဆေးလိပ်ငွေကြောင့် သူတစ်ပါး မထိခိုက်ပါစေနှင့်"၊ "ဆေးလိပ် ဆေးရွက်မပတ်သက် အားကစားသက်သက်တို့ချိတက်"၊ "ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"၊ "ဆေးလိပ် ဆေးရွက်ရှောင်ကြဉ်မှ လူမှုဘဝ ချမ်းသာရ"၊ "ဆေးလိပ်ဆေးရွက်ကြီးဆန့်ကျင်ရေး ကျန်းမာရေးပညာရှင်များ ဦးဆောင်ပေး" စသည်ဖြင့် ဆောင်ပုဒ်များ သတ်မှတ်ခဲ့သည်။

ရည်ရွယ်ချက်များမှာ ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ကျန်းမာရေးပညာရှင်များ၊ ကျန်းမာရေးအသိရှိသူများ ဦးဆောင်ဦးရွက်ပြုကြရန် အရေးကြီးသည်ဟု နှိုးဆော်ခြင်းဖြစ်သည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှု ထိန်းချုပ်ခြင်းလုပ်ငန်းများသည် နိုင်ငံတော်၏ ၂၀၃၀ ပြည့်နှစ်အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်သည့် အဓိကလုပ်ငန်းတစ်ရပ်ဖြစ်ပေသည်။

ဆေးလိပ်အန္တရာယ်ကာကွယ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူသည့်အလျောက် လူထုတစ်ရပ်လုံးကိုယ်တိုင်လည်း သတိရှိရှိဖြင့် ပါဝင်ဆောင်ရွက်နိုင်စေရေး ဆေးလိပ်နှင့် ဆေးရွက်ကြီး အန္တရာယ်အသိပညာပေးဟောပြောပွဲများ၊ နံရံကပ်စာစောင်ပြပွဲများနှင့် online မှတစ်ဆင့် အသိပညာပေး Talk Show များကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

လူငယ်လူရွယ်များနှင့် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အန္တရာယ်ပြုနေသည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု လျော့ပါးရေးအတွက် မိမိကိုယ်တိုင် ဆေးလိပ်မသောက်သူဖြစ်စေရန်နှင့် မိမိပတ်ဝန်းကျင်တွင် ဆေးလိပ်သောက်သူများမရှိအောင် စည်းရုံးပညာပေးရန် လိုအပ်ပါသည်။ နိုင်ငံ၏အမျိုးသားရေး အင်အားစုများ ကြံ့ခိုင်ကျန်းမာသန်စွမ်း၍ ရောဂါဘယကင်းရှင်းကြမှသာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်တိုးတက်ထွန်းကားနိုင်မည်ဖြစ်သည့်အတွက် ဆေးလိပ်ကင်းစင်သော ကမ္ဘာကြီးဖြစ်လာရေးအတွက် လူငယ်လူရွယ်များနှင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။ ။

# ၁၉-၅-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

(ယမန်နေ့မှအဆက်)

**Trend ဂျာနယ်မှအယ်ဒီတာချုပ် ကိုဝဏ္ဏက** ၂၀၂၂ ခုနှစ် မေ ၂၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် EAOs ခေါင်းဆောင်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်မည်ဟု သိရကြောင်း၊ ဗိုလ်ချုပ်ကလည်း အခွင့်အခါကောင်း၊ အချိန်အခါကောင်းဟု ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့ကြောင်း၊ မေးခွန်းနံပါတ်တစ်အနေဖြင့် အဆိုပါကိစ္စ မည်မျှအထိ အောင်မြင်နိုင်လိမ့်မည်နှင့် မည်မျှအထိ အကျိုးသက်ရောက်မှုရှိလိမ့်မည်ကို သိလိုကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ မတက်ရောက်သည့် EAOs များအပေါ် နစက၏သဘောထားကို သိလိုကြောင်း၊ မေးခွန်းနံပါတ်နှစ်အနေဖြင့် KNU သည် ၎င်းနယ်မြေအတွင်းရှိ တပ်မတော်စခန်းများကို ထွက်ခွာပေးရန်ပြောခြင်းသည် တပ်မတော်ကို စိန်ခေါ်ရာရောက်ကြောင်း၊ ထိုကိစ္စကိုလည်း ဖြေကြားပေးစေလိုကြောင်း၊ စစ်ကိုင်း၊ မကွေးဘက်နှင့် အချို့နေရာများတွင် ဖမ်းဆီးရမိသည့် လက်နက်များသည် KIA လက်နက်များဖြစ်သည်ဟု ပြောကြကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး တပ်မတော်အနေဖြင့် မည်ကဲ့သို့ဆောင်ရွက်နေသည်နှင့် မည်သို့တန်ပြန်ဆောင်ရွက်ရန်ရှိသည်ကို သိလိုကြောင်း၊ NUG က နိုင်ငံတကာကို လက်နက်များထောက်ပံ့ရန် တောင်းခံသည့်ကိစ္စသည် မြန်မာနိုင်ငံကို ယူကရိန်းကဲ့သို့ အနောက်အုပ်စုက ဝင်ရောက်စွက်ဖက်လာပါက တပ်မတော်အနေဖြင့် မည်သို့ဖြေရှင်းရန် စီစဉ်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ရလဒ်တစ်ခုထွက်အောင် ဆွေးနွေးမည်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့်ပတ်သက်၍ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းသည် ဆွေးနွေးသည့်အချိန်တွင် ပိုမိုသိရနိုင်ကြောင်း၊ ရလဒ်တစ်ခုထွက်အောင် ဆွေးနွေးမည်ဟု သန္နိဋ္ဌာန်စိတ်ချထားကြောင်း၊ ဤသန္နိဋ္ဌာန်စိတ်ဖြင့် ဆောင်ရွက်လျှင် မအောင်မြင်စရာမရှိကြောင်း၊ မိမိအနေဖြင့် ဖြစ်လာနိုင်မည့် အချက် (၄)ချက်ကို ပြောမည်ဖြစ်ကြောင်း၊ (၁) အတွေ့အကြုံ၊ (၂) အချိန်အခါ၊ (၃)စိတ်ဆန္ဒ၊ (၄) ပါဝင်သင့်ပါဝင်ထိုက်သူ/သက်ဆိုင်သည့် သူများဖြစ်ကြောင်း၊ အတွေ့အကြုံနှင့်ပတ်သက်ပြီး ပထမဦးဆုံးပြောလိုကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လက်တွေ့လုပ်ဆောင်နေသည့် အတွေ့အကြုံများရှိရန် ပို၍အရေးကြီးကြောင်း၊ မိမိစိတ်ထဲရှိသည်များကို ပြောခြင်းမဟုတ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အနီးစပ်ဆုံး ငြိမ်းချမ်းရေးရရှိသွားသည့် ကိုလံဘီယာနိုင်ငံ၏ သမ္မတ ဂျူအန်မန်နျူရယ်ဆန်းတို့စ် (Juan Manuel Santos)သည် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို ၂၀၁၆ ခုနှစ်ခန့်တွင် ရရှိသူဖြစ်ပြီး ယင်းနိုင်ငံရှိ FARC သူပုန်များနှင့် ငြိမ်းချမ်းရေးရရှိခဲ့သူဖြစ်ကြောင်း၊ ထိုပုဂ္ဂိုလ်မှာ ၂၀၀၆ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဖြစ်ခဲ့ပြီး FARC သူပုန်များကို တိုက်ရသည်သာမက စကားပြောဆိုဆွေးနွေးခြင်းကိုလည်း ဆောင်ရွက်ခဲ့ရကြောင်း၊ စကားပြောခြင်းဆိုသည်မှာ ငြိမ်းချမ်းရေးစကားမဟုတ်ကြောင်း၊ ၂၀၁၀ တွင် သမ္မတဖြစ်ပြီး FARC ခေါင်းဆောင်နှင့်သိပြီးဖြစ်၍ ငြိမ်းချမ်းရေးလုပ်ငန်းများ မြန်ဆန်လာပြီး ၂၀၁၆ ခုနှစ်တွင် ငြိမ်းချမ်းရေးရရှိခဲ့ကြောင်း၊ နှစ်အတန်ကြာ ငြိမ်းချမ်းရေး မရရှိခဲ့သည့်ကိစ္စဖြစ်ကြောင်း။

ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းများတွင် အတွေ့အကြုံသည် အရေးကြီးကြောင်း၊ သို့ဖြစ်၍ ယခု ဦးဆောင်ဆွေးနွေးမည့် ခေါင်းဆောင်များကို ကြည့်မည်ဆိုပါက ဦးဆောင်ဆွေးနွေးမည့် EAOs ခေါင်းဆောင်များသည် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိပြီးသူများဖြစ်ကြောင်း၊ တပ်မတော်ဘက်တွင်လည်း တိုင်းမှူးတာဝန်ထမ်းဆောင်ရသည်နှင့် EAOs အဖွဲ့များနှင့် ပြောဆိုဆက်ဆံရကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်ရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်တို့သည် NCA တွင် ကိုယ်တိုင်ပါဝင် လက်မှတ်ရေးထိုးခဲ့ကြသူများဖြစ်ကြောင်း၊ ယခုလက်ရှိရာထူးများမရမီကပင် လက်ရှိတာဝန်များကို ထမ်းဆောင်နေသူများဖြစ်ကြောင်း၊ ထို့ကြောင့် နံပါတ်(၁) အတွေ့အကြုံနှင့် ပတ်သက်၍ ပြောစရာမလိုကြောင်း၊ နံပါတ်(၂) အချိန်အခါကိစ္စကို မိမိမကြာခဏပြောခဲ့ကြောင်း၊ ယခင်က အစိုးရ၊ လွှတ်တော်၊ တပ်မတော် သုံးပိုင်းကွဲနေကြောင်း၊ ယနေ့အချိန်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်တစ်ပိုင်းတည်း၊ တစ်ခုတည်းဖြစ်၍ အခြေအနေအချိန်အခါပေးကြောင်း၊ နံပါတ် (၃) စိတ်ဆန္ဒနှင့်ပတ်သက်ပြီး မိမိပြောပြီးဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားကြောင်း၊ လွတ်လပ်ရေးရပြီး (၇၅)နှစ်အကြာ ပြည်သူလူထု၏ဒီမိုကရေစီအရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ပြည့်ပြည့်ဝဝခံစားရစေရန် မိမိတို့လုပ်ဆောင်မည်ဖြစ်ကြောင်း၊ စိတ်ဆန္ဒလည်းရှိကြောင်း၊ နံပါတ်(၄) ပါဝင်ဆောင်ရွက်မှုများတွင် အနည်းငယ်အားနည်းသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း။




**လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရန်လို**

အထက်က ပြောခဲ့သော ကိုလံဘီယာတွင်အစိုးရနှင့် FARC သူပုန်များနှင့် ငြိမ်းချမ်းရေးဆောင်ရွက်စဉ် သမ္မတနှင့် FARC ခေါင်းဆောင်တို့၏ သဘောတူစာချုပ်ကို ပြည်သူလူထုသို့ချပြပြီး ပြည်သူက အဆိုပါသဘောတူစာချုပ်၌ FARC သူပုန်များသည် အခွင့်အရေးယူလွန်းသည်ဟူ၍ ကန့်ကွက်ကြကြောင်း၊ ပြန်ပြင်ရကြောင်း၊ ပါဝင်မှုများကြောင်း၊ ပါဝင်မှုဆိုသည်မှာ တိုင်းရင်းသားပြည်သူလူထုကို ဆိုလိုကြောင်း၊ မိမိတို့သည်အရေးကြီးသောအခြေအနေတွင် ရောက်နေကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့လိုလားသော ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းရေး၊ ရည်မှန်းထားသော ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသော ပြည်ထောင်စုစနစ်သွားနိုင်ရေးအတွက် ပြည့်ပြည့်ဝဝလျှောက်လှမ်းနိုင်ရန် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရန်လိုကြောင်း၊ အထက်ပါ လေးချက်တွင် သုံးချက်သည် ပြည့်စုံပြီးဖြစ်ကြောင်း၊ တစ်ချက်သည် အနည်းငယ်လိုနေကြောင်း၊ ထောက်ခံသူများ၊ ကန့်ကွက်သူများ မျိုးစုံရှိကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း ပါဝင်ဆောင်ရွက်ပေးကြရန်၊ တွန်းအားပေးကြရန် တိုက်တွန်းလိုကြောင်း၊ မီဒီယာများကလည်း တတ်နိုင်သလောက် ဝိုင်းဝန်းကူညီပေးကြရန်၊ တွန်းအားပေးကြရန်၊ လုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း။

နောက်တစ်ချက်အနေဖြင့် KNU သည် တပ်မတော်တပ်စခန်းများစွန့်ခွာရန် ယခုမှစာထုတ်ခြင်း၊ ပြောခြင်းမဟုတ်ကြောင်း၊ ယခင်ကလည်း ထို့အတူပြောခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် မဟာဗျူဟာအရ၊ နည်းဗျူဟာအရ၊ စစ်ရေးအရ၊ နိုင်ငံတော်ကာကွယ်ရေးအရ အကာအကွယ်ပေးရမည့်နေရာများတွင် အခြေချစခန်းများ ထားရှိရကြောင်း၊ ကရင်ပြည်နယ်ထဲတွင်လည်း နယ်စပ်စခန်းများကို ဆောက်လုပ်ထားကြောင်း၊ မိမိတို့သာဆောက်လုပ်ရသည် မဟုတ်ဘဲ နိုင်ငံတိုင်းသည် နယ်စပ်များတွင် ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများအတွက် တပ်စခန်းများဆောက်လုပ်ထားကြောင်း၊ ကရင်ပြည်နယ်တွင် ရှိသည့် စခန်းအများစုသည် နယ်စပ်စခန်းများဖြစ်ကြောင်း၊ အတွင်းပိုင်းရှိ တချို့စခန်းများမှာလည်း နယ်စပ်စခန်းများသို့သွားသည့် ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းပေါ်တွင်ရှိသော စခန်းများဖြစ်ကြောင်း၊ ထိုအချက်များသည် နိုင်ငံတိုင်း လုပ်ဆောင်ရမည့်တာဝန်ဖြစ်သည်ကို သိရှိရန်လိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်အတွက် မိမိတို့အနေဖြင့် လိုအပ်သည့်ကိစ္စမှန်သမျှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

လက်နက်ထောက်ပံ့သည့်ကိစ္စနှင့် ပတ်သက်၍ ပြောရလျှင် လက်နက်များဖမ်းမိခဲ့ကြောင်း၊ တချို့လက်နက်များသည် သုံးပြီးသားလက်နက်များဖြစ်ပြီး EAOs ထံမှရရှိခြင်းဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံများမှရရှိခြင်းများလည်းရှိကြောင်း၊ လမ်းကြောင်းနှစ်ခုမှ ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး စစ်ဆေးခြင်းများ၊ ကြီးကြပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ EAOs များထံမှ ရရှိသည့် လက်နက်များသည် KNUမှ လက်နက်များဟုလည်း ပြောကြကြောင်း၊ သို့သော် ၎င်းတို့ကလက်နက်ထုတ်လုပ်ခြင်းမျိုးမရှိကြောင်း၊ PDF များသည် KNU ထံတွင် ရောက်နေသည်ကို မကြာမီကပြခဲ့သည့် Video ဖိုင်တွင် တွေ့နိုင်ကြောင်း၊ ကရင်ပြည်နယ်တွင် ဖြစ်ပွားခဲ့ကြောင်း၊ ဘုရားချင်းအတူတူ ကျမ်းစာကို ရွတ်ရမည်ဟူ၍ ပြောကြောင်း၊ ရောက်နေသောသူများ၏ မျက်နှာကိုကြည့်ခြင်းဖြင့် သိနိုင်ကြောင်း၊ ယင်းအချက်များနှင့်ပတ်သက်ပြီး မိမိအနေဖြင့် သတိပေးစကားတစ်ခွန်းကို ထပ်ပြောလိုကြောင်း၊ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို အားပေးထောက်ပံ့နေသူများသည် အကြမ်းဖက်သူများဖြစ်ကြောင်း၊ နောက်တစ်ချက်သည် ပဲခူးရိုးမဒေသရှိ ဗကပ(ဗဟို) အရှေ့မြောက်ဒေသသို့ ရောက်ရှိသွားပြီး အရှေ့မြောက်တိုင်းတွင် မည်သို့မည်ပုံဖြစ်ခဲ့ကြောင်းကို သမိုင်းသင်ခန်းစာယူဖို့ ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Voice of Myanmar သတင်းဌာနမှ ဦးမောင်မောင်ထွန်း**က ငြိမ်းချမ်းရေးဆွေးနွေးမည့်နေရာတွင် မီဒီယာများကို သတင်းယူခွင့်ပြုမည်လား သိလိုကြောင်း၊ အာဆီယံနှင့် အနောက်နိုင်ငံတချို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အဆက်အသွယ်လျော့ပြီး NUG ကို အရေးတယူဆက်ဆံသည့်အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်ကဲ့သို့သဘောထားရှိသလဲ၊ မည်သို့ပြင်ဆင်သည်ကို သိလိုကြောင်း၊ ဗိုလ်ချုပ် Power Point တွင်ပြခဲ့သကဲ့သို့ မြိုင်မြို့နယ် ကန်နီရွာတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်တွင် NLD ပါတီ စည်းရုံးရေးမှူး ဦးမြင့်နိုင်နှင့် မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးသန့်ဇင်ခိုင်တို့သည် မြေပြင်တွင် အကျိုးတူစီးပွားရေးလုပ်နေသည်ဟု သိရကြောင်း၊ ၎င်းတို့နှစ်ဦးပေါင်းပြီး ကျေးရွာသား ၂၀ ကို အမှုဖွင့်၊ အရေးယူ၊ ဖမ်းဆီး၊ အကျဉ်းချထားသည်များရှိကြောင်း၊ ထိုကျေးရွာသားများသည် ယခုအချိန်ထိလည်း မလွတ်မြောက်သေးပါကြောင်း၊ လက်ရှိတွင် တရားစွဲထားသည့် ဦးမြင့်နိုင်က PDF ထောက်ပံ့၊ အုပ်ချုပ်ရေးမှူးကလည်း CDM လုပ်ပြီး အဆိုပါမြို့နယ်တွင်မရှိပါကြောင်း၊ တရားလိုများမရှိတော့ဘဲ အကျဉ်းချခံနေရသည့် ထိုကျေးရွာသား ၂၀ အတွက် မည်ကဲ့သို့ အမှုကင်းအောင်ဆောင်ရွက်ပေးနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**မိမိတို့အမျိုးသားအကျိုးစီးပွားကိုကြည့်ပြီးတုံ့ပြန်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ငြိမ်းချမ်းရေးဆွေးနွေးမည့်အချိန်ကို မိမိပြောပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမည့်နေရာသည် မိမိတို့အတွင်းထဲတွင်သာ ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ ယခုလောလောဆယ်တွင် သတင်းယူခွင့်မပေးနိုင်သေးကြောင်း၊ ခေါင်းဆောင်များအဆင့် ဆွေးနွေးသည်များကို မိမိတို့ထုတ်ပြန်သင့်သည်များကို ထုတ်ပြန်မည်ဖြစ်ကြောင်း၊ သို့သော် ထိုဆွေးနွေးပွဲသည် အရှိန်ရသည့်အခါ မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်များ၊ အသိပေးသင့်သည်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် မဖြစ်နိုင်သေးပါကြောင်း၊ တချို့သော အကြောင်းအရာများ၊ ကိစ္စများသည် မီဒီယာများနှင့်ပတ်သက်၍ ချပြလိုက်သည့်အခါတွင်ဖြစ်စေ၊ အမှန်တကယ်ဆွေးနွေးသည့် အခါတွင်ဖြစ်စေ ထိုကိစ္စများသည် ညှိနှိုင်းဆဲအခြေအနေမျိုးတွင် ရှိနိုင်သည့်အတွက်ကြောင့်ဖြစ်ကြောင်း၊ အာဆီယံနှင့်ပတ်သက်၍ မိမိတို့၏ ရပ်တည်ချက်သဘောတရားသည် ပြောင်းလဲမည်မဟုတ်ကြောင်း၊ ပြောင်းလဲစရာ အကြောင်းလည်းမရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် အာဆီယံအထဲမှာလည်း မိမိတို့ကို နားလည်ထောက်ထားနိုင်သည့် လက်တွေ့အခြေအနေကို သဘောပေါက်သည့် နိုင်ငံများရှိကြောင်း၊ တချို့သော သဘောမပေါက်သည့် နိုင်ငံများလည်းရှိကြောင်း၊ မိမိပြောခဲ့သကဲ့သို့ သံတမန်ရေးရာနှင့်ပတ်သက်၍ လျှော့ချသည့်ပုံစံမျိုးများ၊ နှုတ်ကမပြောသော်လည်း လက်တွေ့လုပ်နေသည့် ပုံစံမျိုးများရှိကြောင်း၊ ယင်းနှင့်ပတ်သက်၍ မိမိတို့အနေဖြင့်လည်း မိမိတို့အမျိုးသား အကျိုးစီးပွားကိုကြည့်ပြီး တုံ့ပြန်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြိုင်မြို့နယ် ကန်နီရွာကိစ္စနှင့်ပတ်သက်၍ သတင်းထောက်ကြီး ပြောသည်မှာ မှန်ပါကြောင်း၊ ထိုရွာတွင် အသံချဲ့စက်နှင့်ရပ်ကွက်ကို နှိပ်စက်ခဲ့သည့်သူနှင့် နောက်တစ်ယောက်သည် အရိုက်လည်းခံရပြီး သေဆုံးခဲ့သည့် ရွာသားများဘက်ကို ဦးအောင်တရားစွဲခဲ့ကြောင်း၊ သေလည်းသေပြီး တရားလည်းအစွဲခံရသည်ဟု ပြောရမည်ဖြစ်ကြောင်း၊ ထိုသို့တရားအစွဲခံရသူများသည် ယခုအချိန်အထိ မလွတ်သေးပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ မိမိကြားရသည့်သတင်းသည်

စာမျက်နှာ ၁၁ သို့

**ဖုန်းများနှင့်ပတ်သက်၍ မှတ်ပုံတင်ရမည်ဆိုသည်မှာ ဖုန်းနံပါတ်ကို မှတ်ပုံတင်ခြင်း မဟုတ်ကြောင်း၊ ဖုန်းတွင်ပါသည့်နံပါတ်ကို မှတ်ပုံတင်ရမည်ဟု မိမိတို့ပြောခြင်း ဖြစ်ကြောင်း၊ ထိုကိစ္စကိုလည်း အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်ရခြင်းမှာ ဖုန်းအကုန်လုံးသည် ပြည်တွင်းသို့ဝင်လာသည့်အခါ မည်သည့် အခွန်မျှမပေးဆောင်ဘဲ ဝင်လာကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက်လည်း အခွန်ဆုံးရှုံးရကြောင်း၊ အခွန်ဆိုသည်မှာလည်း နိုင်ငံတော်အတွက်၊ ပြည်သူလူထု အတွက် ပြန်လည်အသုံးပြုခြင်းဖြစ်ကြောင်း၊ ထိုသို့ အခွန်များဆုံးရှုံးသည့် အတွက်ကြောင့် မဆုံးရှုံးစေရန် စစ်ဆေးသည့်နည်းလမ်းသည် ဖုန်းတွင်ပါသည့် နံပါတ်ကို မှတ်ပုံတင်ပြီး ဖုန်းတင်သွင်းလာသည့် ကုမ္ပဏီကြီးများကို အခွန်ဆောင်ခိုင်း မည်ဖြစ်ကြောင်း၊ ပြည်သူလူထုကို အခွန်ဆောင်ခိုင်းခြင်းမဟုတ်**

✪ စာမျက်နှာ ၁၀ မှ
၎င်းတို့ကိုအာမခံပေးနိုင်ရန် အမြန် လုပ်ဆောင်နေသည်ဟု သိရကြောင်း၊ နောက်ထပ် သတင်းကြားလျှင်လည်း မိမိအကြောင်းကြားပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**One News သတင်းဌာနမှ ဦးသွင်ထူးအောင်က** ငြိမ်းချမ်းရေးဆွေးနွေးပွဲကို လက်ရှိတွင် တပ်မတော်နှင့်တိုက်ပွဲဖြစ်ပွားနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကြီးများ မတက်ရောက်သည့်အတွက်ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးအပေါ် မည်သို့သက်ရောက်မှုရှိလာနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**စေတနာ မှန်/မမှန်ကိုသာ ဆန်းစစ်ရန်လို**

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** တပ်မတော်အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဖေဖော်ဝါရီလတွင် အာဆီယံ၏အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဟွန်ဆန်လာသည့် ခရီးစဥ်ကတည်းက မိမိတို့တစ်နှစ်ထပ်မံရပ်ဆိုင်းပေးမည်ဟု ပြောခဲ့ပြီးဖြစ်ကြောင်း၊ တစ်နှစ်ရပ်ဆိုင်းပေးပြီးသည့်အတွင်းမှာပင် ပစ်ခတ်မှုဖြစ်နေသည်များရှိကြောင်း၊ ယခင်ကတည်းက ကချင်ပြည်နယ်တွင် ထိတွေ့တိုက်ပွဲများရှိကြောင်း၊ ဖေဖော်ဝါရီလပြီးမှ ဖြစ်ပေါ်လာသောထိတွေ့တိုက်ပွဲများမှာ ကယားပြည်နယ်၊ ချင်း၊ KNU ကရင်ပြည်နယ် ထိုနေရာများတွင် ဖြစ်ပေါ်နေသည်များရှိကြောင်း၊ ထိုသို့ ဖြစ်ပေါ်လာသည့်အကြောင်းရင်းသည် PDF များ၊ တောခိုသွားသည့်သူများ၊ ပြည်ပြေးများရောက်သွားသည့်အခါတွင် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ သတင်းထောက်ကြီးမေးသည့်မေးခွန်းထဲတွင် တိုက်ပွဲဖြစ်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးသည့်အခါ အကျိုးသက်ရောက်မှုရှိခြင်းနှင့်ပတ်သက်၍ ၎င်းတို့အနေဖြင့် ယခင်ကတည်းက ရည်ရွယ်ချက်ရှိသည့်အတွက် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် မပါဝင်ခြင်းဖြစ်ကြောင်း၊ မိမိပြောခဲ့သကဲ့သို့ ၎င်းတို့၏ ဒေသခံပြည်သူလူထု၊ ၎င်းတို့၏ ဒေသအပေါ်တွင်ထားရှိသည့် စေတနာကို မြင်ရခြင်းဖြစ်ကြောင်း၊ ထိုနေရာများတွင် တိုက်ပွဲဖြစ်နေလျှင် မည်သူတို့နစ်နာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တိုက်ပွဲဖြစ်လျှင် နှစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းများ နစ်နာမည်ဖြစ်သော်လည်း၊ အနစ်နာဆုံးသည် ထိုနေရာတွင်ရှိနေသည့် မိမိတို့၏ တိုင်းရင်းသားလုပ်သားပြည်သူများသာ ဖြစ်ကြောင်း၊ ၎င်းတို့ ငြိမ်းချမ်းရေးဆွေးနွေးခြင်းကို မလုပ်နိုင်ခြင်းသည် ၎င်းတို့၏ဒေသခံပြည်သူလူထုအပေါ်၊ ၎င်းတို့၏ဒေသအပေါ် ၎င်းတို့ထားရှိသည့် စေတနာသည် မှန်/မမှန်ကိုသာ ဆန်းစစ်ရန်လိုကြောင်း ပြန်လည်ဖြေကြားသည်။

**One News သတင်းဌာနမှ ဦးသွင်ထူးအောင်က** လက်ရှိတွင် ကုန်ဈေးနှုန်းသည် အစစအရာရာ တက်နေကြောင်း၊ အခြေခံစားသောက်ကုန်များလည်း ဈေးတက်နေကြောင်း၊ ဥပမာ ယခင်က ရပ်ကွက်ထဲတွင် ဟင်းချိုမှုန့်အသေးတစ်ထုပ်ကို ၂၀၀ ကျပ် ရောင်းသော်လည်း၊ ယခုတွင် ၅၀၀ ကျပ်ခန့်အထိ ဖြစ်လာကြောင်း၊ ထိုသို့ စီးပွားရေးလုပ်ငန်းတွင် တစ်ဖက်မှာ ငွားရမ်းခများ၊ ဝယ်ယူရသည့်ဈေးနှုန်းများသည် မြင့်တက်လာသော်လည်း ပြန်လည်ရောင်းချသည့်ဈေးနှုန်းမှာ ကုန်ကျစရိတ်ကို ကာမိရန်အတွက်ပင် ပြန်မရဖြစ်နေကြောင်း၊ ဝင်ငွေနှင့် ထွက်ငွေမမျှတဘဲ အရှုံးများလာကြသည့် အနေအထားရှိကြောင်း၊ ကုန်ဈေးနှုန်းများတက်လာသော်လည်း ဝင်ငွေက တိုးမလာသည့်အတွက် ပြည်သူများမှာ အခက်အခဲရှိလာကြောင်း၊ ယင်းအခြေအနေမျိုးတွင် ပြည်သူများ စီးပွားရေးလုပ်ငန်းများကို ဝင်ငွေထွက်ငွေမျှတပြီး စီးပွားရေးပြန်လည်ကောင်းမွန်လာအောင် မည်သို့ဆောင်ရွက်မည့် အစီစဥ်ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** အစိုးရအနေဖြင့် ပြည်သူများ၏လုပ်ငန်းနှင့်ပတ်သက်၍ ကူညီနိုင်သည်များကို ကူညီပေးရန်သာရှိကြောင်း၊ ဆိုလိုသည်မှာ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ၊ ဥပမာ ဓာတ်မြေဩဇာလိုသည်ဆိုလျှင် မိမိတို့အနေဖြင့် မည်သို့တင်သွင်းပေးရမည်၊ နည်းပညာကို မည်သို့ဖြန့်ဖြူးပေးရမည်ဆိုသည်ကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ဝင်ငွေနည်းလာပြီး ထွက်ငွေများလာသည်ဆိုသည်မှာ မိမိ၏ အလုပ်လုပ်နိုင်မှုပေါ်တွင်လည်း မူတည်ကြောင်း၊ အစိုးရအနေဖြင့် လုပ်ငန်းများဖန်တီးပေးနိုင်ရန် လုပ်ပေးမည်ဖြစ်ကြောင်း၊ လုပ်ငန်းများအလိုက် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများတွင် ပံ့ပိုးပေးနိုင်မည့်အရာမှန်သမျှ မိမိတို့ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခုအချိန်အထိ မိမိတို့လုပ်ပေးနိုင်သည်မှာ ကိုဗစ်ကာလတွင် ချေးထားသည့် ချေးငွေများကို ပြန်လည်ပေးဆပ်ရမည့်အချိန်ကို လစဥ်၊ လစဥ် ဆိုင်းငံ့ပေးသွားခြင်းမျိုးများ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် ကမ္ဘာတစ်ဝန်းလုံး၌ ဖြစ်နေသည့် ကိုဗစ်ကြောင့် စီးပွားရေးကျဆင်းသည့်ဝေဒနာ ခံစားနေရခြင်းများ ရှိကြောင်း၊ မိမိတို့၏ပို့ကုန်အများစု၊ လုပ်ငန်းအများစုသည် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းကို အခြေခံကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်သည်လည်း နယ်စပ်ကုန်သွယ်ရေးကို အဓိကအားကိုးနေရကြောင်း၊ နယ်စပ်ကုန်သွယ်ရေးသည်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့်အတွက် ပိတ်ထားခဲ့ရကြောင်း၊ ထိုသို့ပိတ်ထားသည့်အတွက် အောက်ခြေပြည်သူလူထုတွင်လည်း ထိခိုက်နစ်နာမှုများရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ အစိုးရဘက်ကလည်း ပြန်လည်ဖွင့်နိုင်ရန် မကြာသေးခင်က ၁၀၅ မိုင်ဂိတ်၊ တရုတ်ဘက်မှ ဝင်ရသည့်ဂိတ်များကို ဖွင့်လိုက်သည်များရှိကြောင်း၊ ထိုဂိတ်များတွင်လည်း စည်းကမ်းစနစ်တကျ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် မိမိတို့လုပ်နိုင်သည့်အရာမှန်သမျှကို တိုင်းရင်းသားပြည်သူလူထုအားလုံးအတွက် လုပ်ဆောင်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Cohesion News Agency မှ သတင်းထောက် ဒေါ်ဆွေဇင်ဦးက** နိုင်ငံကြီးများတွင် ၁၈ နှစ်မပြည့်ခင်အထိ ထောက်ပံ့ပေးမှုများ၊ အသက်အရွယ်ကြီးရင့်သူများအား ထောက်ပံ့ပေးခြင်းများကို မြန်မာနိုင်ငံသားများက အင်မတန်အားကျကြပါကြောင်း၊ သို့ရာတွင် ထိုသို့ထောက်ပံ့မှုများမှာ နိုင်ငံသားများက ပေးသည့် အခွန်အခများကိုသာ စီမံခန့်ခွဲ၍ပေးခြင်းဖြစ်သည်ကို မိမိတို့နိုင်ငံသားများက မေ့နေကြကြောင်း၊ ဒီမိုကရေစီနိုင်ငံတစ်ခုကို ထူထောင်လိုသည်ဆိုလျှင် နိုင်ငံသားများသည် အခွန်ထမ်းခြင်းကို ကြောက်ရွံ့နေ၍မရကြောင်း၊ ယခု ကြီးငယ်မဟူ အခွန်ရှောင်နေကြကြောင်း၊ ကုမ္ပဏီကြီးများအနေဖြင့် အခွန်ကို လွဲရှောင်နေခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အင်မတန်နစ်နာသည့် ကိစ္စတစ်ခုဖြစ်ကြောင်း၊ နိုင်ငံသားကောင်းများအနေဖြင့် မဖြစ်သင့်သလို နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံသားတစ်ယောက်၏ ဝင်ငွေနှင့်မျှတသည့် အခွန်ကိုသာ ကောက်ခံသင့်ပါကြောင်း၊ ယခု အခွန်ကောက်ခံသည့်စနစ် ပျက်ယွင်းနေသည်မှာ တစ်နှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း၊ ထိုသို့ ပျက်ယွင်းနေသည့် အခွန်ကောက်ခံသည့်စနစ်ကို မည်သို့ပြန်လည်ပြုပြင်မည်လဲ၊ သင့်တင့်မျှတသည့် နှုန်းထားများနှင့် မည်သို့ပြန်လည်ကောက်ခံမှုပြုမည်လဲ၊ အခွန်နှုန်းထားများ တိုးမြှင့်ကောက်ခံမည်ဆိုသည့်ကိစ္စဟုတ်/ မဟုတ်သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** မိမိပြောခဲ့သည့်ထဲတွင် ပါပြီးဖြစ်ကြောင်း၊ တချို့ကိစ္စများသည် ဘဏ္ဍာငွေရေးကြေးရေးကိစ္စများ၊ ပို့ကုန်သွင်းကုန်များတွင် အခွန်ကောက်သည့်ကိစ္စ၊ အခွန်ပြန်လည်ပေးသွင်းရသည့် ကိစ္စများနှင့်ပတ်သက်၍ စည်းစနစ်မကျသည်များကို စည်းစနစ်ကျရန် ပြန်လည်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်က အမျိုးမျိုးသောအကြောင်းများကြောင့် မကိုင်တွယ်ရဲသည်များရှိကြောင်း၊ ၎င်းတို့နှင့်ပတ်သက်၍ စတင်ကိုင်တွယ်လျက်ရှိကြောင်း၊ ဥပမာ မိမိတို့ပြောနေသည့်၊ အပြင်၌လည်းပျံ့နေသည့်၊ မိမိကိုလည်းမီဒီယာများမေးသည့် ဖုန်းများနှင့်ပတ်သက်၍ မှတ်ပုံတင်ရမည်ဆိုသည်မှာ ဖုန်းနံပါတ်ကို မှတ်ပုံတင်ခြင်းမဟုတ်ကြောင်း၊ ဖုန်းတွင်ပါသည့်နံပါတ်ကို မှတ်ပုံတင်ရမည်ဟု မိမိတို့ပြောခြင်းဖြစ်ကြောင်း၊ ထိုကိစ္စကိုလည်း အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရခြင်းမှာ ဖုန်းအကုန်လုံးသည် ပြည်တွင်းသို့ဝင်လာသည့်အခါ မည်သည့်အခွန်မျှမပေးဆောင်ဘဲ ဝင်လာကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက်လည်း အခွန်ဆုံးရှုံးရကြောင်း၊ အခွန်ဆိုသည်မှာလည်း နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက် ပြန်လည်အသုံးပြုခြင်းဖြစ်ကြောင်း၊ ထိုသို့ အခွန်များဆုံးရှုံးသည့်အတွက်ကြောင့် မဆုံးရှုံးစေရန် စစ်ဆေးသည့်နည်းလမ်းသည် ဖုန်းတွင်ပါသည့်နံပါတ်ကို မှတ်ပုံတင်ပြီး ဖုန်းတင်သွင်းလာသည့် ကုမ္ပဏီကြီးများကို အခွန်ဆောင်ခိုင်းမည်ဖြစ်ကြောင်း၊ ပြည်သူလူထုကို အခွန်ဆောင်ခိုင်းခြင်းမဟုတ်ကြောင်း။

**အခွန်စနစ်များတွင်လည်း**
**လိုအပ်ချက်အများကြီးရှိနေ**

ထိုအခွန်ဆောင်ခြင်းများကို ယခင်ကတည်းက လွှတ်ပေးထားကြောင်း၊ ထိုကိစ္စများကို မိမိတို့ပြန်လည်ကန့်သတ်နေသည်များရှိကြောင်း၊ မိမိတို့အနေဖြင့် စည်းကမ်းနည်းလမ်းကျလာစေရန် ပြုလုပ်ရမည်များမှာ မိမိပြောခဲ့သည့်ကုမ္ပဏီများ၊ ပြည်ပပို့ကုန်များ၊ ကုမ္ပဏီများအမည်စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ အမည်စာရင်းသွင်းခြင်းသည် ၂၀၁၆ ခုနှစ်ကတည်းက စာရင်းမသွင်းခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်တွင်လည်း သတ်မှတ်ထားသည့်ကာလအတွင်း စာရင်းသွင်းရမည်ဆိုသည်မှာ ပါပြီးဖြစ်ကြောင်း၊ ယခုလိုအရေးယူသည့်အခါမှသာ မည်သို့မည်ပုံဖြစ်သည်ဟူ၍ ပြောနေကြသည်များလည်းရှိကြောင်း၊ သို့သော် ယခုအချိန်တွင် ထိုအခွန်စနစ်များနှင့်ပတ်သက်၍သော်လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍သော်လည်းကောင်း စည်းကမ်းနည်းလမ်းကျအောင် မိမိတို့ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆက်လက်လုပ်ဆောင်သွားမှသာလျှင် မိမိတို့နိုင်ငံအနေဖြင့် ရေရှည်တည်တံ့မည်ဖြစ်ကြောင်း၊ အခွန်စနစ်များတွင်လည်း လိုအပ်ချက် အများကြီးရှိနေကြောင်း၊ ယင်းကိုထောက်ပြသည့်အတွက်လည်း ကျေးဇူးတင်ပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Cohesion News Agency မှ သတင်းထောက် ဒေါ်ဆွေဇင်ဦးက** အခွန်နှုန်းထားများကို တိုးမြှင့်ကောက်ခံမည်ဟု ကောလာဟလသတင်းများထွက်နေသည်မှာ ဟုတ်/ မဟုတ် သိလိုကြောင်း မေးမြန်းသည်။

**ပြည်သူလူထုအပေါ်တွင်**
**ကောက်ခံမည်မဟုတ်**

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** အခွန်နှုန်းထားများနှင့်ပတ်သက်၍ တချို့သော အခွန်နှုန်းထားများကို သင့်တင့်သည့်အခွန်နှုန်းထားများနှင့် ကောက်ခံရန်ရှိကြောင်း၊ မိမိတို့ကောက်ခံသည်မှာ ပြည်သူလူထုအပေါ်တွင် ကောက်ခံမည်မဟုတ်ကြောင်း၊ ပြည်သူလူထုနှင့်ပတ်သက်သည့်ကိစ္စများတွင် မိမိတို့ကောက်ခံမည်မဟုတ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံများတွင်ရှိနေသောပုံစံဖြစ်သည့် စီးပွားရေးလုပ်သည့်ကုမ္ပဏီကြီးများ၊ လုပ်ငန်းများအပေါ်တွင် အများဆုံးအခွန်ကောက်မည်ဖြစ်ကြောင်း၊ ပြည်သူလူထုဆောင်ရမည့် သာမန်အခွန်များကို တိုးမြှင့်ကောက်ခံရန်၊ နှုန်းထားအများကြီး တိုးမြှင့်ကောက်ခံရန် အစီအစဥ်လည်း မရှိပါကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်လာလျှင် မိမိပြောခဲ့သလို လုပ်ဆောင်သွားရန် အခြေအနေများရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Cohesion News Agency မှ သတင်းထောက် ဒေါ်ဆွေဇင်ဦးက** ဒုတိယမေးခွန်းအနေဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးရယူရာတွင် ဗိုလ်ချုပ်အောင်ဆန်း တစ်ယောက်တည်းရယူခဲ့ခြင်းမဟုတ်ကြောင်း၊ ရဲဘော်သုံးကျိပ်လည်းပါဝင်ကြောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းသည်လည်း မြန်မာနိုင်ငံ၏ ရှုပ်ထွေးပွေလီလှသည့်နိုင်ငံရေး၊ စီးပွားရေးအခြေအနေကို ကျပ်တည်းစွာ ကျော်ဖြတ်ဆောင်ရွက်နိုင်သူတစ်ဦးဆိုလျှင် မှားမည်မဟုတ်ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် “သေနတ်ဆိုတာ မိုးပေါ်ထောင်မပစ်ဘူး၊ တည့်တည့်ပစ်တယ်” ဆိုသည့်စကားကြောင့် လူအများ၏အမုန်းကိုခံခဲ့ရကြောင်း၊ ယနေ့အချိန်တွင် ယင်းစကားသည် တကယ်မှန်ကန်ခဲ့ကြောင်း၊ နိုင်ငံတော်၏လုံခြုံရေးနှင့် အန္တရာယ်ရင်ဆိုင်လာရသည့်အချိန်တွင် နိုင်ငံ့ခေါင်းဆောင်သည် ရဲရဲဝံ့ဝံ့ရင်ဆိုင်ရမည်ဆိုသည့် သင်ခန်းစာကိုပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီကိုခုတုံးလုပ်၍ သေနတ်ကို မိုးပေါ်ထောင်ပြီး ပစ်ခတ်ခဲ့ခြင်းကြောင့် အကြမ်းဖက်သူများ ပိုမိုများပြားလာပြီး အကြမ်းဖက်သူများ၏ သေနတ်မှာ အပြစ်မဲ့ပြည်သူများကို တည့်တည့်ပစ်ခြင်းခံခဲ့ရကြောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းသည် မြန်မာ့တပ်မတော်၏မျိုးဆက်ကို ဆက်လက်ထူထောင်ခဲ့သူဖြစ်ကြောင်း၊ (၇၇) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ ဗိုလ်မှူးဒေါ်စန္ဒာဝင်း တက်ရောက်ခဲ့သည်ကို ဝမ်းသာစွာမြင်တွေ့ခဲ့ရကြောင်း၊ ဗိုလ်မှူးဒေါ်စန္ဒာဝင်းသည် မြန်မာ့တပ်မတော်တွင် တာဝန်ထမ်းဆောင်စဥ် ရှေ့တန်းစခန်းများအထိ ကိုယ်တိုင်သွားရောက်ပြီး ဆေးကုသပေးခဲ့သည်ဟု သိရကြောင်း၊ ငယ်စဥ်ကလေးဘဝ ကျောင်းနေစဥ်ကတည်းက ကျောင်းသင်ခန်းစာများတွင် ဗိုလ်ချုပ်အောင်ဆန်းကိုသာ Highlight ပေးခဲ့ကြောင်း၊ Generation တစ်ခုမှာ ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံဖြင့်အကြောင်းပြုပြီး လုပ်စားခဲ့သောကြောင့် တိုင်းပြည်မည်ကဲ့သို့ဖြစ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နောင်လာမည့် မျိုးဆက်များအတွက် လွတ်လပ်ရေးကြိုးပမ်းမှုနှင့် နိုင်ငံတော်ထူထောင်ရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ရဲဘော်သုံးကျိပ်၊ တပ်မတော်၏ကြိုးပမ်းမှု အခန်းကဏ္ဍကိုလည်း ပြဋ္ဌာန်းစာအုပ်များတွင် ထည့်သွင်းစေလိုကြောင်း၊ နိုင်ငံပိုင်မီဒီယာနှင့် ရေဒီယိုများမှလည်း ထုတ်ပြန်ပေးစေလိုကြောင်း၊ ရဲဘော်သုံးကျိပ်နှင့် တပ်မတော်၏အခန်းကဏ္ဍကို ပြသပေးစေလိုကြောင်း၊ နောင်လာမည့် စာသင်နှစ်များတွင်လည်း ထည့်သွင်းသင်ကြားပေးနိုင်ခြင်း ရှိ/ မရှိ သိလိုကြောင်း မေးမြန်းသည်။

စာမျက်နှာ ၁၂ သို့ ✪

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၈၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၉၀ | ၂၁၂၅ | ၂၁၅၀ | ၂၁၃၅ | ၂၁၁၀ | ၂၂၀၅ | ၂၂၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၈၅ | ၂၅၈၅ |
| 95 Ron | ၂၁၉၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၄၅ | ၂၂၂၅ | ၂၃၂၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၄၉၅ | ၂၆၅၀ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၅ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၄၉၅ | ၂၇၄၀ |
| HSD (50 ppm) | ၂၂၂၀ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၆၀ | ၂၂၇၀ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၂၅ | ၂၇၇၀ |
| HSD (10 ppm) | ၂၂၂၀ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၆၀ | ၂၂၇၀ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၂၅ | ၂၇၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၉ | ၂၀၅၃ |
| 95 Ron | ၂၀၈၉ | ၂၁၆၄ |
| HSD (500 ppm) | ၂၀၈၉ | ၂၁၆၁ |
| HSD (50 ppm) | ၂၁၁၇ | ၂၁၈၉ |
| HSD (10 ppm) | ၂၁၁၇ | ၂၁၈၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❂ စာမျက်နှာ ၁၁ မှ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တာဝန်ထမ်းဆောင်ခဲ့သူများစွာရှိကြောင်း၊ လွတ်လပ်ရေးဆိုသည်မှာ အလွယ်တကူပေါ်ပေါက်ခဲ့ခြင်း မဟုတ်ကြောင်း၊ အပင်တစ်ပင်စိုက်သကဲ့သို့ တယုတယစိုက်ရကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်၊ တပ်မတော်သည် လွတ်လပ်ရေးရရှိရေးအတွက် ကြိုးပမ်းရာတွင် ပြည်သူနှင့်အတူပါဝင်ခဲ့ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို ပြန်ကြည့်လျှင် နယ်ချဲ့အင်္ဂလိပ်များက မိမိတို့နိုင်ငံကို သိမ်းပိုက်ခဲ့ကြောင်း၊ ၁၀ နှစ်ကြာ မျိုးချစ်စစ်ပွဲကြီးဖြစ်ခဲ့ကြောင်း၊ လွတ်လပ်ရေးရရှိရန် သူရဲကောင်းများစွာ ကြိုးစားခဲ့ကြောင်း၊ ၁၉၂၀ တွင် ဝိုင်အမ်ဘီအေနှင့် ဂျီစီဘီအေတို့ ပေါ်ပေါက်ခဲ့ကြောင်း၊ ၎င်းတို့ကလည်း လွတ်လပ်ရေးအတွက် မျိုးစေ့ချခဲ့ကြသူများဖြစ်ကြောင်း၊ ၁၃၀၀ ပြည့် အရေးတော်ပုံတွင် ပေါ်ပေါက်ခဲ့သည့် သခင်ဖိုးလှကြီး၊ ဆရာစံစသည့် သူရဲကောင်းများသည်လည်း မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သူများဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းရာတွင် အားလုံးကြိုးစားခဲ့သည်ကို သမိုင်းအထောက်ထားများအရ အားလုံးသိရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးကြိုးပမ်းသူများကိုလည်း အသိအမှတ်ပြု ဂုဏ်ပြုပေးခဲ့ကြောင်း၊ မိမိအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တစ်နှစ်ခန့်နေခဲ့ကြောင်း၊ တရုတ်နိုင်ငံတွင် မော်စီတုံးပုံသာရှိကြောင်း၊ တိန့်ရှောင်ဖိန်ပုံမရှိကြောင်း၊ တရုတ်နိုင်ငံ တိုးတက်အောင် လုပ်ခဲ့သည်မှာ တိန့်ရှောင်ဖိန်သာဖြစ်ကြောင်း၊ သို့သော် တရုတ်ယွမ်ငွေများတွင် မော်စီတုံးပုံသာ ရိုက်နှိပ်ထားကြောင်း၊ အဓိကပြောလိုသည်မှာ ပြည်သူလူထုစိတ်ထဲတွင် ရှိရန်သာလိုကြောင်း ပြန်လည်ဖြေကြားသည်။

**97 Media သတင်းထောက် နန္ဒလင်း(ထားဝယ်)**က မြန်မာနိုင်ငံသို့ အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေသည်ကိုသိရှိရကြောင်း၊ မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား လက်ရှိဆောင်ရွက်နေသည့်အခြေအနေကို သိလိုကြောင်းမေးမြန်းသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ၂၀၂၁ ခုနှစ် ဧပြီ ၂၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင်ပြုလုပ်ခဲ့သော အာဆီယံခေါင်းဆောင်များ အစည်းအဝေးတွင်ပါရှိသည့် တူညီဆန္ဒ ၅ ချက်၏ နံပါတ် ၄ အချက်တွင်ပါရှိသည့် မြန်မာနိုင်ငံကို လူသားချင်းစာနာထောက်ထားသည့် အကူအညီပေးရေးကိစ္စကို ဆွေးနွေးခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာကိစ္စများကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းကိစ္စရပ်များကို ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ Task Force ဖွဲ့စည်းပြီး ဆောင်ရွက်နေကြောင်း၊ ပထမအဆင့်အနေဖြင့် အမေရိကန် ဒေါ်လာ တစ်သန်းကျော် ထောက်ပံ့ပေးခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး၊ ကုသရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများ ပံ့ပိုးပေးခဲ့ကြောင်း၊ ထိုပစ္စည်းများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဆေးရုံ ၅၈ ရုံသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့်ပူးပေါင်း၍ ဖြန့်ဝေခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် ကာကွယ်ဆေးအပြင် လူသားချင်းစာနာမှု အကူအညီများပေးရန် ဒုတိယအဆင့်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် မေ ၆ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ပြုလုပ်ခဲ့သည့်အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး တက်ရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံနှင့်အတူ အာဆီယံ၏ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ UN အပါအဝင် အာဆီယံ၏ ပြင်ပမိတ်ဖက်နိုင်ငံများဖြစ်သည့် နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများလည်း တက်ရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေလုပ်ထုံးလုပ်နည်း၊ အာဆီယံ၏ မူများနှင့်အညီ ဒုတိယအဆင့်တွင်လည်း ပထမအဆင့်မှာကဲ့သို့ပင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိကဝတ်များပေးခဲ့ကြောင်း၊ မည်သူ့ကိုမျှ ချန်မထားဘူးဟူသည့် လူသားချင်းစာနာမှုမူများနှင့်အညီ ဆောင်ရွက်သွားရန် သဘောတူညီမှုများရခဲ့ကြောင်း၊ ရှေ့ဆက်ပြီး ထိုကဲ့သို့ဆောင်ရွက်မည့်နေရာများ၊ ပါဝင်မည့်အဖွဲ့အစည်းများ လိုအပ်သည့်အကူအညီများပေးရန်အတွက် ဆန်းစစ်မှုများ ပြုလုပ်သည့်အခါ မြန်မာနိုင်ငံမှ Task Force နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန်၊ ထို့နောက် ရှေ့ပြေးစီမံကိန်းများ ချမှတ်ပြီး ဆောင်ရွက်သွားကြရန်နှင့် ထိုသို့ဆောင်ရွက်သည့်အခါ၊ အကူအညီများပေးသည့်အခါတွင်လည်း နိုင်ငံရေးအရ ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်းများမဖြစ်စေရန်၊ ပြည်တွင်းရေးကိုမစွက်ဖက်ရန်နှင့် အချုပ်အခြာအာဏာကို ထိပါးမှုမရှိစေရန်ဆိုသည့်အရာများနှင့် ကြပ်မတ်ဆောင်ရွက်သွားရန်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

## မအူပင်မြို့နယ်၌ နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်းဆင်းပွဲ ကျင်းပ

မအူပင် မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း၊ လူငယ်အသင်းအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်းဆင်းပွဲကို ယမန်နေ့နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ အခမ်းအနားကို သင်တန်းသား သင်တန်းသူများက We Are The World သီချင်းဖြင့် သီဆိုဖွင့်လှစ်၍ မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မအူပင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အင်္ဂလိပ်စာသင်ကြားပေးသည့် ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ပေးအပ်ခဲ့ပြီး သင်တန်းသားခေါင်းဆောင်ငါးဦးထံသို့ သင်တန်းသား သင်တန်းသူ ၄၅ ဦး၏ သင်တန်းပြီးမြောက်ကြောင်း အောင်လက်မှတ်ကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ ဆက်)**

# မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်သုံးစင်း တစ်ရက်တည်း စမ်းသပ်ပစ်လွှတ်



ဆိုးလ် မေ ၂၅

မြောက်ကိုရီးယား နိုင်ငံက တိုက်ချင်းပစ် ဒုံးကျည်သုံးစင်း ယနေ့ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီး ချုပ်များက ယနေ့ပြောကြားသည်။

မေ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် တစ်ကြိမ်၊ ၆ နာရီ ၃၇ မိနစ်တွင် တစ်ကြိမ်၊ ၆ နာရီ ၄၂ မိနစ်တွင် တစ်ကြိမ် သုံးကြိမ် တိုင်တိုင် ဒုံးကျည်စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဒုံးကျည်များကို ပြုံယမ်းမြို့ရှိ ဆူနန်ဒေသမှ ပစ်လွှတ်ခြင်း ဖြစ်သည်။

ပထမဆုံးအကြိမ် စမ်းသပ်ပစ်လွှတ်သည့်တိုက်ချင်းပစ်ဒုံးကျည်သည် ပင်လယ်ပြင်အထက် ကီလိုမီတာ ၅၄၀ အမြင့်မှ ကီလိုမီတာ ၃၆၀ အကွာအဝေးအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။ ဒုတိယ ဒုံးကျည်သည် ပင်လယ်ပြင်အထက် ကီလိုမီတာ ၂၀ ဝန်းကျင်ထိ ရောက်ရှိပြီး ပျောက်ကွယ်သွားခဲ့သည်။ တတိယဒုံးကျည်သည် တာတိုပစ် ဒုံးကျည်အမျိုးအစားဖြစ်ပြီး ပင်လယ်ပြင်အထက် ကီလိုမီတာ ၆၀ အထိ မြင့်မားပြီး ကီလိုမီတာ ၇၆၀ အကွာအဝေးအထိ ရောက်ရှိခဲ့ကြောင်း တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များက ဆိုသည်။

ပြုံယမ်းက ယင်းသို့ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခြင်းသည် တောင်ကိုရီးယားနိုင်ငံက ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ရန် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နေခြင်းကြောင့် ဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးက မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်သုံးစင်းစမ်းသပ်ပစ်လွှတ်မှုနှင့် ပတ်သက်ပြီး အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြုံယမ်း၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သို့ အာရှခရီးစဉ်သွားရောက်ခဲ့ပြီးနောက် တစ်ရက်အကြာတွင် ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုနှစ်အတွင်း ပြုံယမ်းက စမ်းသပ်ပစ်လွှတ်ခဲ့သည့် ဒုံးကျည်အစင်းပေါင်း ၁၇ စင်း ရှိပြီဖြစ်သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# အာရပ်စော်ဘွားများနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူတစ်ဦး ပထမဆုံးအကြိမ် တွေ့ရှိ

အဘူဒါဘီ မေ ၂၅

အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူတစ်ဦး ပထမဆုံးအကြိမ်တွေ့ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ရောဂါကူးစက်ခံရသူ အမျိုးသမီးသည် အသက် ၂၉ နှစ်အရွယ်ရှိပြီး မြောက်အာဖရိကဒေသမှ ပြန်လည်ရောက်ရှိလာသူတစ်ဦးဖြစ်သည်။

လက်ရှိတွင် အဆိုပါအမျိုးသမီးသည် ဆေးဝါးကုသမှုခံယူလျက်ရှိသည်။ ရောဂါကူးစက်ခံရမှု၏ အကြောင်းရင်းခံများကို စုံစမ်းစစ်ဆေးလျက်ရှိပြီး အဆိုပါအမျိုးသမီးနှင့် ထိတွေ့ဆက်ဆံခဲ့သူများကို လိုက်လံစစ်ဆေးလျက်ရှိကြောင်းနှင့် လိုအပ်သည့်အကူအညီများကိုလည်း ထောက်ပံ့ပေးထားကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

ဗိုင်းရပ်စ်ပိုးသတ်ဆေးများသည် မျောက်ကျောက်ရောဂါ ကူးစက်မှုကို ရက်သတ္တနှစ်ပတ်မှ လေးပတ်အတွင်း ပြန်လည်သက်သာစေနိုင်သည်ဟု ယူအေအီးကျန်းမာရေးဝန်ကြီးဌာနက ကနဦးတွင် ကြေညာခဲ့သည်။

မျောက်ကျောက်ရောဂါသည် မြောက်အာဖရိကနှင့် ဗဟိုအာဖရိကဒေသများတွင် အများဆုံးဖြစ်ပွားသည့် ရောဂါတစ်မျိုးဖြစ်သည်။

မေလအစောပိုင်းမှစပြီး လက်ရှိအချိန်အထိ ကမ္ဘာတစ်ဝန်း၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူပေါင်း ၂၀၀ ကျော်ရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

မျောက်ကျောက်ရောဂါ၏ လက္ခဏာများမှာ ဖျားနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ခါးနာခြင်း၊ အဆစ်များရောင်ရမ်းခြင်း၊ ချမ်းတုန်ခြင်း၊ ခြေကုန်လက်ပန်းကျခြင်းတို့ဖြစ်သည်။ ထို့ပြင် မျက်နှာပေါ်တွင် အနီအဖုအပိန့်များ စတင်ထွက်ပေါ်လာပြီး ခန္ဓာကိုယ်အနှံ့အပြားသို့ ပျံ့နှံ့သွားကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၃ ဒသမ ၁၄ သန်းကျော်ရှိလာ

နယူးဒေလီ မေ ၂၅

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၂၄ ဦး ထပ်မံတွေ့ရှိသဖြင့် အဆိုပါ ရောဂါ ကူးစက်ခံရသူပေါင်း ၄၃၁၄၂၁၉၂ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၇ ဦး ထပ်တိုးလာခြင်းကြောင့် အဆိုပါ ရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၄၅၀၇ ဦးရှိလာကြောင်း သိရသည်။



လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာစုစုပေါင်း ၁၂၄၇၂ ဦး ရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၆၈၆၄ ဦးထပ်မံတွေ့ရှိသဖြင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၂၃၂၄၅၅၀ ရှိလာကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ဗီယက်နမ်နိုင်ငံ၌ ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွား

ဟနွိုင်း မေ ၂၅

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ပြီးခဲ့သည့်ရက်များအတွင်း ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့သဖြင့် လေးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း သဘာဝဘေးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုကော်မတီက ယနေ့ပြောကြားသည်။

နိုင်ငံမြောက်ပိုင်းရှိ တူရန်ကွမ်းပြည်နယ်တွင် ဖြစ်ပွားသည့် မြေပြိုမှုများအတွင်း နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်းနှင့် မြောက်ပိုင်း ဟိုဗင်းပြည်နယ်တွင်လည်း ရေကြီးမှုကြောင့်တစ်ဦးသေဆုံးပြီး အလယ်ပိုင်း ကွမ်ငါပြည်နယ်တွင် မိုးကြိုးထိမှန်မှုကြောင့် တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

မေ ၂၁ ရက် မှ ၂၄ ရက်အတွင်း နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး အချို့ဒေသများတွင်လည်း မိုးရေချိန်မီလီမီတာ ၉၀၀ အထိ ရွာသွန်းခဲ့သည်။ စပါးစိုက်ခင်း ဟက်တာ ၁၉၃၀၀ ရေကြီးနစ်မြုပ်ခဲ့ပြီး ကျွဲနွားတိရစ္ဆာန်ကောင်ရေ ၆၉၀၀ သေဆုံးခဲ့ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံတွင် ယခုနှစ်ပထမလေးလအတွင်း သဘာဝဘေးများကြောင့် ၁၉ ဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဗဟိုစာရင်းအင်းရုံး၏ အချက်အလက်များအရ သိရသည်။ ထို့ပြင် သဘာဝဘေးကြောင့် ဗီယက်နမ် ဒေါင် ၃ ဒသမ ၆ ထရီလီယံဆုံးရှုံးခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၉၅၆ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် မေ ၂၅

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၉၅၆ ဦးထပ်မံတွေ့ရှိခဲ့သဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၈၀၁၇၉၂၃ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။




နိုင်ငံအတွင်း မတ်လလယ်က အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်ခဲ့သော်လည်း ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ရောဂါကူးစက်မှုများ ပြန်လည်ကျဆင်းခဲ့သည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၃၂၅၈၇ ဦးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၃ ဦးထပ်မံသေဆုံးသဖြင့် အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၄၀၂၉ ဦးရှိလာခဲ့သည်။ လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးသူ ၄၄၅၇၁၂၆၃ ဦး (နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၉ ရာခိုင်နှုန်း)ရှိပြီး အပိုဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၃၃၂၇၂၈၄၁ ဦး(နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၈ ရာခိုင်နှုန်း)ရှိသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

❖ မြိတ်ခရိုင်မှ

မိုင်းထောင်ဖောက်ခွဲခြင်း၊ ကန့်ကွက်စာများရေးသားခြင်းနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ ဖြန့်ဝေမှုများအား တားဆီးနှောင့်ယှက်ခြင်း၊ ငွေကြေးတောင်းခံခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။

**မီးရှို့ဖျက်ဆီး**

ယင်းသို့ အကြမ်းဖက်မှုများ လုပ်ဆောင်လျက်ရှိရာ မေ ၂၄ ရက် ညနေ ၆ နာရီ ၁၀ မိနစ်ခန့်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် အတွင်းရှိစာသင်ကျောင်းများသို့ ဖြန့်ချိမည့် ကျောင်းသုံးပုံနှိပ်စာအုပ်များ သယ်ဆောင်လာသည့် ၁၂ ဘီးယာဉ်နှစ်စီးသည် သရက်ချောင်းမြို့နယ် အောက်သရက်ချောင်းကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာရှိ ထားဝယ်-မြိတ် ပြည်ထောင်စုလမ်းမကြီးပေါ်သို့ ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက တားဆီးရပ်တန့်၍ ကျောင်းသုံးပုံနှိပ်စာအုပ်များထည့်ထားသည့် စုစုပေါင်းဆာလာအိတ် ၁၅၉၇ အိတ်အနက်မှ ဆာလာအိတ် ၄၈ ထုပ်အား ကားလမ်းဘေးသို့ ချပြီး မီးရှို့ဖျက်ဆီးခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ကျောင်းသားကျောင်းသူများ ပညာရည်မြင့်မားရေး ဆောင်ရွက်နေမှုများအပေါ် ဖျက်လိုဖျက်ဆီးစိတ်ဓာတ်ဖြင့် ယခုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ ပါဝင်ပတ်သက်သူများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




၂၀၂၂ ခုနှစ် မေ ၂၄ ရက်တွင် သရက်ချောင်းမြို့နယ်၌ ကျောင်းသုံးပုံနှိပ်စာအုပ်များအား မီးရှို့သည့်နေရာပြပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နေ အောင်အောင်သည် ၎င်းအသုံးပြုသည့် “Daw Aung Aung” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အနောက်ရပ်ကွက်နေ နိုင်လင်းထွန်း(ခ) အားတီသည် ၎င်းအသုံးပြုသည့် “Naing Linn Htun” Facebook အကောင့်၊ မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၁)ရပ်ကွက်နေ မင်းခန့်မောင်နှင့် မင်းမင်းထွန်းတို့သည် ၎င်းတို့အသုံးပြုသည့် “Min Khant Maung” Facebook အကောင့်နှင့် “Min Min Htun” Facebook အကောင့်၊ မုဒုံမြို့နယ် မြို့မ(၄)ရပ်ကွက်နေ အိမွန်စံ(ခ) မပိုးသည် ၎င်းအသုံးပြုသည့် “Ei Mon San” Facebook အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် အမှတ်(၉)ရပ်ကွက်နေ စိုးမိုးအောင်သည် ၎င်းအသုံးပြုသည့် “Soe Moe Aung” Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဇီးဖြူကုန်းကျေးရွာနေ ရတနာစုမြတ်နိုးဦး(ခ)နိုးနိုးသည် ၎င်းအသုံးပြုသည့် “Noe Noe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြိတ်၊ နောင်ချိုနှင့် မူဆယ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက် ၇ နာရီခွဲတွင် မြိတ်မြို့ မြိတ်တောင်ရပ်ကွက် ဇေယျာသီရိ(၂)ရပ် ပိတောက်ရွှေဝါလမ်းတွင် အောင်မင်းထိုက် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကို လည်းကောင်း၊

ထိုနေ့ ညနေ ၅ နာရီတွင် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု မကျီးရေကျေးရွာ ဒုဋ္ဌဝတီတံတားအနီး နောင်ချို-ရပ်စောက်သွားကားလမ်းတွင် ရန်နိုင်ဖြိုး(ခ)ဖိုးကောင်း မောင်းနှင်ပြီး အောင်မင်းစိုးလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၈၅ ပြားကို လည်းကောင်း၊ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် မူဆယ်မြို့နယ် ပန်ခမ်းကျေးရွာအုပ်စု တိန်းလုံကျေးရွာအနီး မူဆယ်-နမ့်ခမ်းသွားကားလမ်းတွင် တူးဂျာမောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၇၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၅-၂၀၂၂ ကြာသပတေးနေ့

MRTV HD

၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ ဒီမိုကရေစီဆိုရာဝယ်
၀၉:၁၀ NRC အစီအစဉ်
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ တောင်သူလယ်သမားတွဲ ပြောင်းဖူးတစ်နှစ် သုံးသီးစိုက်ကြစို့
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝတစ်ကောက်ဘောအက်ဆေး' (အပိုင်း-၃)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၄၃)
၁၆:၄၀ မျက်မှောက်ရေးရာအဖြာဖြာ
၁၇:၁၀ Soccer View
၁၇:၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'ကျွန်တော်ချစ်သောမိန်းမများ' (အပိုင်း-၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၃)

mitv

07:01 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
07:10 Let's Taste Delicious Insects: Barbequed Sago Worm Salad and Bamboo Worm Fried Rice
07:30 A Snake Catcher
07:41 Ngapali, Unique Spot To Relax
08:01 Water Hyacinth and Rattan Products
08:16 Palm-leaf Inscriptions and Parabaiks from Inlay Region
08:27 Insight Myanmar: Manuscription (Epi-4) Women Role & Myanmar Literature
09:01 News
09:27 Modifying Natural Thanakha Bark into Ready-make Skin Care Product
09:33 Myanmar's Traditions and Culture: Caves of Myanmar
10:01 School for the Blind

MRTV NRC

အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)
စားလို့ကောင်းတဲ့ ရဲယိုရွက်ငါးပေါင်း
အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)
စာပေစကားပြောကြရအောင် (အပိုင်း-၃)
ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)
ရာဇဝင်ပြောင်ရေလျောင်တမံ
ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)
ပေါဗိတောင်
မွန် (၁၀:၀၀ မှ ၁၂:၀၀)
ဒီရေတောနှင့်ရှင်သန်သူ
ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)
လခြမ်းမြေမှ ရိုးရာအလှ (အပိုင်း-၁)
ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)
အလှမှာယဉ် ဆေးဖက်ဝင်တဲ့ တရုတ်စံကားမွှင်
ဝ (၁၆:၀၀ မှ ၁၈:၀၀)
ကျိုင်းတုံရဲ့ရေတံခွန်သို့ အလည်တစ်ခေါက်
ကချင် (၁၈:၀၀ မှ ၂၀:၀၀)
ဝက်မိုးလွတ်ဆီထမင်း
ကယား (၂၀:၀၀ မှ ၂၂:၀၀)
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၁)
ဂေဘာကရင် (၂၂:၀၀ မှ ၂၃:၀၀)
အစာလည်းဆေး ဆေးလည်းအစာ

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၁၅ အဌမအကြိမ်မြောက် အမြည်မြည်ဆိုင်ရာ ပြတိုက်များနေ့
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၀:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၂၀ သတင်းသမားပြောတဲ့သတင်းစကား

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အငွေ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၇)
၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)

MRTV FARMERS

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ မြန်မာ့လယ်ယာထွက်ကုန်များဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်
၀၇:၁၀ မြေကောင်းအသင်းကြက်သွန်ခင်း
၀၇:၅၀ အခြေရှာပါ့ရွက်ဖုံးဝေအုနှာ
၀၈:၁၅ တောင်သူများနှင့်ပျော်ပျိုးရေမြွေတော်
၀၈:၅၅ စပါးအထွက်နှုန်းတိုးစေရာ ဇွတ်ဝင်းရောဂါ ကာကွယ်ပါ
၀၉:၄၅ သစ်ခက်ပန်းချီ (တော်ဝင်ပိုးနွံ)

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သုတိုအကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME
Education Channel ကို ဝေနေ့ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၅ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၃၄၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၆၁,၄၁၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၂၅၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၂၂၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၄-၅-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၃၁,၃၄၅,၅၂၇) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၂၃၅,၂၀၉) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးသူ (၂၆,၁၁၀,၃၁၈) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၉၉၇,၃၁၀) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၄-၅-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း (၅၉,၄၅၃,၁၅၅) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူ များအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၅၀) ခု | (၁၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁၆) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁)ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၄၃) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၃၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၈၀၂) ခု | (၁) ဦး |
| စုစုပေါင်း | (၇,၃၄၄) ခု | (၁၈) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၂၄-၅-၂၀၂၂)ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၂၃၅,၂၀၉) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီး လူဦးရေ | (၂၆,၁၁၀,၃၁၈) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၉၉၇,၃၁၀) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့်ထိုးနှံပြီး လူဦးရေ | (၃၁,၃၄၅,၅၂၇) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၉,၄၅၃,၁၅၅) ကြိမ် |

ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ **www. moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၅၂၄၁၀၁၆ | ၈၁၇၆၄၉၁၁ | ၁၀၂၉၅၂၄ |
| ၂။ | အိန္ဒိယ | ၄၃၁၄၂၁၉၂ | ၄၂၆၀၂၇၁၄ | ၅၂၄၅၀၇ |
| ၃။ | ဘရာဇီး | ၃၀၈၃၆၈၁၅ | ၂၉၈၈၅၅၈၀ | ၆၆၅၉၅၅ |
| ၄။ | ပြင်သစ် | ၂၉၃၉၁၃၆၅ | ၂၈၆၅၇၆၈၅ | ၁၄၈၀၀၅ |
| ၅။ | ဂျာမနီ | ၂၆၁၅၇၈၂၆ | ၂၄၉၃၂၀၀၀ | ၁၃၈၈၇၉ |
| ၆။ | ဗြိတိန် | ၂၂၂၇၁၁၂၂ | ၂၁၈၆၃၆၆၂ | ၁၇၈၂၂၁ |
| ၇။ | ရုရှား | ၁၈၃၀၅၉၇၃ | ၁၇၇၀၇၀၇၇ | ၃၇၈၆၀၉ |
| ၈။ | တောင်ကိုရီးယား | ၁၈၀၁၇၉၂၃ | ၁၇၄၈၀၃၂၈ | ၂၄၀၂၉ |
| ၉။ | အီတလီ | ၁၇၂၈၂၈၇ | ၁၆၃၁၀၄၄၀ | ၁၆၆၁၂၇ |
| ၁၀။ | တူရကီ | ၁၅၀၆၄၅၀၇ | ၁၄၉၆၂၁၉၅ | ၉၈၉၃၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၁၂၇၃၃ | ၉၄၁၄၈၆၂ | ၄၃၀၇၈ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၃၄၂၄ | ၅၈၉၃၈၆၀ | ၁၅၆၅၅၃ |
| ၃။ | မလေးရှား | ၄၄၉၄၇၈၂ | ၄၄၃၄၁၉၅ | ၃၅၆၄၇ |
| ၄။ | ထိုင်း | ၄၄၂၄၇၅၀ | ၄၃၄၇၆၃၈ | ၂၉၈၄၇ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၉၄၅၇ | ၃၆၂၆၇၄၅ | ၆၀၄၅၅ |
| ၆။ | စင်ကာပူ | ၁၂၇၈၁၁၃ | ၁၁၉၇၀၈၄ | ၁၃၇၈ |
| ၇။ | မြန်မာ | ၆၁၃၂၅၆ | ၅၉၂၂၂၉ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၉၈၆၁ | ၂၀၈၃၄၄ | ၇၅၄ |
| ၉။ | ဘရူနိုင်း | ၁၄၇၂၇၁ | ၁၄၅၄၂၇ | ၂၂၂ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၁ | ၃၀၅၆ |

# Monkeypox (မျောက်ကျောက်ရောဂါ) နှင့်ပတ်သက်၍ သိကောင်းစရာ မေးခွန်းနှင့် အဖြေများ

ဒေါက်တာသန်းနိုင်စိုး(ကျန်းမာရေးအသိပညာမြှင့်တင်ရေး)

**မေး။** ။ Monkeypox (မျောက်ကျောက်ရောဂါ) ဆိုသည်မှာဘာပါလဲ။

**ဖြေ။** ။ Monkeypox (မျောက်ကျောက်ရောဂါ) ဆိုသည်မှာ မျောက်များတွင် စတင်တွေ့ရှိရသည့် တိရစ္ဆာန်မှတစ်ဆင့် ကူးစက်သည့် ဗိုင်းရပ်စ်ရောဂါ (viral zoonotic disease) တစ်မျိုးဖြစ်ပါတယ်။ ကျောက်ကြီးရောဂါ (smallpox) ဖြစ်ပွားစေသည့်ဗိုင်းရပ်စ် (variola virus) နှင့် မျိုးဗီဇအုပ်စု (orthopox)ချင်း တူညီသည့် မျောက်ကျောက်ရောဂါဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားပါတယ်။ ရောဂါကူးစက်မှုပိုမြန်ပြီး ရောဂါပြင်းထန်မှုပိုများတဲ့ အာဖရိကအလယ်ပိုင်း ကွန်ဂိုချိုင့်ဝှမ်းမျိုးစိတ် (Congo Basin Clade) နဲ့ အာဖရိကအနောက်ပိုင်းမျိုးစိတ် (West African Clade) ဟူ၍ ထင်ရှားတဲ့ မျောက်ကျောက်ရောဂါ ဗိုင်းရပ်စ်မျိုးစိတ်နှစ်ခုရှိပါတယ်။

**မေး။** ။ ကျောက်ရောဂါဆိုသည်မှာ အမျိုးအစား ဘာတွေရှိပါသလဲ။

**ဖြေ။** ။ အဓိကအားဖြင့် လူသိများတဲ့ကျောက်ရောဂါတွေကတော့ ကမ္ဘာ့ကပ်ရောဂါကြီးတစ်ခုဖြစ်ခဲ့တဲ့ ကျောက်ကြီးရောဂါ (smallpox)၊ နွားကျောက်ရောဂါ (cowpox)၊ အခု တစ်ကျော့ပြန် ဦးမော့လာတဲ့ မျောက်ကျောက်ရောဂါ (monkeypox) နဲ့ အခြားကျောက်ရောဂါတစ်ခုဖြစ်တဲ့ ရေကျောက်ရောဂါ (chickenpox) တို့ဖြစ်ကြပါတယ်။ ကျောက်ကြီးရောဂါ၊ နွားကျောက်ရောဂါနဲ့ မျောက်ကျောက်ရောဂါတို့က ကျောက်ရောဂါဗိုင်းရပ်စ်အုပ်စု (Poxviridae) အုပ်စုထဲမှာ ပါဝင်ကြတာဖြစ်ပြီး ရေကျောက်ရောဂါကတော့ အခေါ်အဝေါ်အရသာ ကျောက်ရောဂါစာရင်းထဲမှာ ပါနေတာဖြစ်ပြီး ရေယုန်ရောဂါ ဗိုင်းရပ်စ်အုပ်စု (Herpesviridae) ထဲမှာ ပါဝင်တာဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံမှာ မကြာခဏ ဖြစ်ပွားမှုတွေရှိတတ်တဲ့ ရေကျောက်ရောဂါနဲ့ မျောက်ကျောက်ရောဂါရဲ့ သဘောသဘာဝက အလွန်ကွာခြားတာမို့ မိဘပြည်သူများအကြား စိုးရိမ်မှုတွေမဖြစ်စေဖို့ ဦးစွာတင်ပြလိုပါတယ်။

**မေး။** ။ အခုတွေ့နေရတဲ့ မျောက်ကျောက်ရောဂါက ကိုဗစ်-၁၉ ရောဂါလို ဗိုင်းရပ်စ်အသစ် ပေါ်လာတာလား။

**ဖြေ။** ။ Monkeypox (မျောက်ကျောက်ရောဂါ) က ကိုဗစ်-၁၉ ရောဂါ ဗိုင်းရပ်စ်လို ကမ္ဘာပေါ်မှာ ဗိုင်းရပ်စ်အသစ်အနေနဲ့ ပေါ်လာတာမဟုတ်ပါဘူး၊ ကိုဗစ်-၁၉ ဗိုင်းရပ်စ်လို ကူးစက်ရောဂါ ဗိုင်းရပ်စ်အသစ်ပေါ်လာတာကို emerging infectious disease လို့ခေါ်ပြီး ကမ္ဘာပေါ်မှာ ယခင်ကတည်းကရှိခဲ့တဲ့ Monkeypox (မျောက်ကျောက်ရောဂါ) ဗိုင်းရပ်စ်တစ်ကျော့ပြန်ကူးစက်လာတာကို re-emerging infectious disease လို့ခေါ်ပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ နဲ့ သဘောသဘာဝချင်းလည်း အလွန်ကွာခြားပါတယ်။

**မေး။** ။ Monkeypox (မျောက်ကျောက်ရောဂါ) ကို ဘယ်လိုစတင်တွေ့ရှိခဲ့တာပါလဲ။

**ဖြေ။** ။ Monkeypox (မျောက်ကျောက်ရောဂါ) ဟာ ၁၉၅၈ ခုနှစ်ကတည်းက ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့မှာရှိတဲ့ ဓာတ်ခွဲခန်းအတွင်းက မျောက်တွေမှာစတင်တွေ့ရှိခဲ့တာဖြစ်လို့ မျောက်ကျောက်ရောဂါလို့ အမည်ပေးခဲ့တာဖြစ်ပြီး လူသားတွေမှာဒီရောဂါစတင်တွေ့ရှိမှုအနေနဲ့ ၁၉၇၀ ပြည့်နှစ်မှာ အာဖရိကတိုက် ကွန်ဂိုနိုင်ငံမှာ စတင်တွေ့ရှိခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ အာဖရိကတိုက် အလယ်ပိုင်းနဲ့ အနောက်ပိုင်းမှာရှိတဲ့ မိုးသစ်တောတွေနဲ့ ၄င်းတို့နဲ့ ဆက်စပ်ရာနိုင်ငံ/ဒေသတွေ ဖြစ်တဲ့ ကင်မရွန်း၊ ဗဟိုအာဖရိက၊ ကော့ဒီအိုင်ဗိုရီယာ၊ ဒီအာစီကွန်ဂို၊ ဂါဘွန်၊ လိုင်ဘေးရီးယား၊ နိုင်ဂျီးရီးယား၊ ကွန်ဂိုရီပတ်ဘလစ်၊ ဆီရာလီယွန်တို့မှာ ဆက်တိုက်တွေ့ခဲ့ရပြီး ရောဂါတွေ့ရှိမှု အများဆုံးအနေနဲ့ကတော့ ဒီအာစီကွန်ဂိုနိုင်ငံမှာ တွေ့ရှိရတာဖြစ်ပါတယ်။



လိုင်ဘေးရီးယားနိုင်ငံတွင် မျောက်ကျောက်ရောဂါလက္ခဏာများ ခံစားနေရသည့် ကလေးငယ်တစ်ဦး (၁၉၇၁)ခုနှစ်။ (Courtesy of the CDC/Getty Images)

အာဖရိကဒေသ ပြင်ပကို ဒီရောဂါ စတင်ပျံ့နှံ့မှုအနေနဲ့ ၂၀၀၃ ခုနှစ်မှာ အမေရိကန်နိုင်ငံကို စတင်ရောက်ရှိခဲ့တာဖြစ်ပြီး အာဖရိကတိုက် ဂါနာနိုင်ငံက တင်ပို့လာတဲ့ တောရိုင်းတိရစ္ဆာန်တွေရောင်းတဲ့ အရောင်းဆိုင်နဲ့ ဆက်စပ်ကူးစက်တာဖြစ်တယ်လို့ သိရပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း အာဖရိကပြင်ပဒေသဖြစ်တဲ့ အစ္စရေးနိုင်ငံကို ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာ ဝင်ရောက်လာတဲ့ နိုင်ဂျီးရီးယားက ခရီးသည်တွေမှာ ရောဂါကိုတွေ့ရှိခဲ့ရပြီး ယူကေနိုင်ငံမှာလည်း ၂၀၁၈ စက်တင်ဘာ၊ ၂၀၁၉ ဒီဇင်ဘာ၊ ၂၀၂၁ မေ နဲ့ ၂၀၂၂ မေလတွေမှာတွေ့ရတယ်လို့ သိရပါတယ်။ စင်ကာပူနိုင်ငံမှာတော့ ၂၀၁၉ မေနဲ့ အမေရိကန်နိုင်ငံမှာတော့ ၂၀၂၁ ဇူလိုင်နဲ့ နိုဝင်ဘာလမှာ တွေ့ခဲ့ရတယ်လို့သိရပါတယ်။

**မေး။** ။ အခု ၂၀၂၂ ခုနှစ်မှာ တွေ့ရတဲ့ မျောက်ကျောက်ရောဂါပျံ့နှံ့မှုကဘယ်လိုပါလဲ။

**ဖြေ။** ။ အခု ၂၀၂၂ ခုနှစ်အတွင်းမှာ မျောက်ကျောက်ရောဂါပျံ့နှံ့မှုအနေနဲ့ ယူကေနိုင်ငံ လန်ဒန်မြို့မှာ မျောက်ကျောက်ရောဂါကူးစက်ရာဒေသဖြစ်တဲ့ အာဖရိကတိုက် နိုင်ဂျီးရီးယားနိုင်ငံက ဝင်ရောက်လာတဲ့ခရီးသည်တစ်ဦးထံမှာ ရောဂါပိုးကို ၇-၅-၂၀၂၂ ရက်နေ့မှာ စတင်တွေ့ရှိခဲ့ရတာဖြစ်ပြီး အဲဒီနောက်ပိုင်းမှာ ကမ္ဘာ့နိုင်ငံ အနှံ့အပြားမှာ မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုတွေကို ဆက်တိုက်ဆိုသလို တွေ့ရှိလာရတာဖြစ်ပါတယ်။ ဒီလိုတွေ့ရှိမှုတွေဟာ မျောက်ကျောက်ရောဂါဖြစ်ပွားမှုအနေနဲ့ အာဖရိကတိုက်ပြင်ပမှာ ယခင်က မတွေ့ဖူးတဲ့ ကူးစက်ပျံ့နှံ့မှုမျိုးဖြစ်ပါတယ်။

၂၅-၅-၂၀၂၂ ရက်နေ့ နံနက်ပိုင်းအထိ အာဖရိကဒေသပြင်ပမှာ မျောက်ကျောက်ရောဂါ အတည်ပြုလူနာတွေ့ရှိရတဲ့ နိုင်ငံပေါင်း ၁၉ ခု၊ သံသယဖြစ်ဖွယ်လူနာတွေ့ရှိရတဲ့ နိုင်ငံတစ်ခု စုစုပေါင်းနိုင်ငံ ၂၀ နဲ့ အာဖရိကဒေသ အနောက်မြောက်ပိုင်းမှာရှိတဲ့ ယခင်က ဖြစ်ပွားမှုမရှိခဲ့တဲ့ မော်ရိုကိုနိုင်ငံကိုပါ ထည့်သွင်းတွက်ချက်ပါက ရောဂါအတည်ပြုလူနာနဲ့ သံသယလူနာတွေ့ရှိတဲ့နိုင်ငံ စုစုပေါင်း ၂၁ နိုင်ငံရှိပြီဖြစ်ပါတယ်။ ၂၅-၅-၂၀၂၂ ရက်နေ့ နံနက်ပိုင်းအထိ ဒီနိုင်ငံတွေမှာ အတည်ပြုလူနာ ၂၂၈ ဦး၊ ရောဂါဖြစ်နိုင်ခြေရှိတဲ့လူနာနှစ်ဦး၊ သံသယဖြစ်ဖွယ်လူနာ ၈၂ ဦး စုစုပေါင်း ၃၁၂ ဦး ရှိနေတာကိုသိရပြီး ရောဂါကြောင့် သေဆုံးသူမရှိကြောင်း သိရှိရပါတယ်။ ဥရောပ၊ မြောက်အမေရိက၊ ဩစတြေးလျ၊ အရှေ့အလယ်ပိုင်းဒေသတွေမှာ ရောဂါကိုတွေ့နေရတာဖြစ်ပြီး အတည်ပြုလူနာ အများဆုံးတွေ့ရတဲ့နိုင်ငံတွေအနေနဲ့ ယူကေနိုင်ငံမှာ ၇၁ ဦး၊ စပိန်နိုင်ငံမှာ ၅၁ ဦး၊ ပေါ်တူဂီနိုင်ငံမှာ ၃၉ ဦး ဖြစ်ပါတယ်။ အရှေ့တောင်အာရှဒေသနဲ့ မိမိတို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေ မှာတော့ ရောဂါဖြစ်ပွားသူ တွေ့ရှိရခြင်း မရှိသေးပါဘူး။

ဒီရောဂါနဲ့ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းတွေအနေနဲ့ သတိပြုရမယ့်ရောဂါတစ်ခုအဖြစ် သတ်မှတ်လာတဲ့ အဓိကအကြောင်းရင်းကတော့ ယခင်က ရောဂါဖြစ်ပွားမှုမရှိခဲ့တဲ့ အာဖရိကဒေသပြင်ပနိုင်ငံတွေမှာ ရောဂါဖြစ်ပွားသူတွေကို အချိန်တိုအတွင်းမှာ အရေအတွက်အတော်များများ တွေ့ရှိခဲ့ရခြင်း၊ ရောဂါတွေ့ရှိရသူတွေမှာ ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွားရာဇဝင်မရှိခဲ့ခြင်းနဲ့ ရောဂါအတည်ပြုလူနာနဲ့လည်း တိုက်ရိုက်ထိတွေ့ခဲ့ခြင်းမရှိဘဲ ရောဂါဖြစ်ပွားမှုတွေ တွေ့ရှိလာရတဲ့ အချက်ဖြစ်ပါတယ်။

**မေး။** ။ Monkeypox (မျောက်ကျောက်ရောဂါ) လက္ခဏာတွေက ဘာတွေပါလဲ။

**ဖြေ။** ။ ခန္ဓာကိုယ်အတွင်း Monkeypox ဗိုင်းရပ်စ် စတင်ဝင်ရောက်ချိန်မှ ရောဂါလက္ခဏာပြတဲ့အထိ ရောဂါပျိုးချိန်ကာလရှိတာဖြစ်ပြီး ပုံမှန်အားဖြင့် ခြောက်ရက်ကနေ ၁၃ ရက်ခန့်ကြာတတ်ပါတယ်၊ အနည်းဆုံး ငါးရက်ကနေ အများဆုံး ၂၁ ရက်အထိ ဖြစ်ပါတယ်။

ရောဂါလက္ခဏာတွေအနေနဲ့ကတော့ အဆင့်နှစ်ဆင့်ရှိပါတယ်။ ပထမအဆင့်အနေနဲ့ ဗိုင်းရပ်စ်က ခန္ဓာကိုယ်တွင်း စတင်ကျူးကျော်ဝင်ရောက်တဲ့ကာလဖြစ်ပြီး အချိန်အကြာဆုံး ငါးရက်လောက်အထိ ကြာမြင့်နိုင်ပါတယ်။ ဒီအချိန်မှာ ရောဂါလက္ခဏာတွေအနေနဲ့ဖျားခြင်း၊ ခေါင်းပြင်းထန်စွာကိုက်ခြင်း၊ လည်ပင်း၊ ချိုင်းကြား၊ ပေါင်ခြံမှာရှိတဲ့ ပြန်ရည်ကျိတ်တွေ ရောင်ရမ်းကြီးထွားလာခြင်း၊ နောက်ကျောနာကျင်ခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ အလွန်အမင်း အားအင်ကုန်ခန်းခြင်းတို့ ဖြစ်ပေါ်လေ့ရှိပါတယ်။ ဒီနေရာမှာ ကွဲပြားထင်ရှားတဲ့ လက္ခဏာက အစောပိုင်းမှာကတည်းက ပြန်ရည်ကျိတ်တွေက ရောင်ရမ်းကြီးထွားလာခြင်းဖြစ်ပါတယ်၊ ဒါက ကျောက်ရောဂါ၊ ရေကျောက်ရောဂါနဲ့ ဝက်သက်ရောဂါတို့လို အရေပြားပေါ်မှာ အရည်ကြည်ဖုတွေ၊ အကွက်တွေ ထွက်တာတွေချင်းတူတဲ့ ရောဂါတွေနဲ့ သိသာစွာကွဲပြားတဲ့အချက်ဖြစ်ပါတယ်။

ဒုတိယအဆင့်မှာကတော့ စတင်ဖျားပြီး တစ်ရက်ကနေ သုံးရက်လောက်မှာ အရေပြားပေါ်မှာ အကွက်တွေထွက်လာတာပါ၊ ကိုယ်လုံးပေါ်မှာထက်စာရင် မျက်နှာနဲ့ ခြေ/လက်တွေပေါ်မှာပိုပြီးထွက်ပါတယ်၊ ကူးစက်ခံရသူတွေရဲ့ ၉၅ ရာခိုင်နှုန်းက မျက်နှာပေါ်၊ ၇၅ ရာခိုင်နှုန်းက လက်ဖဝါး/ ခြေဖဝါးပေါ်၊ ၇၀ ရာခိုင်နှုန်းက ပါးစပ်ထဲမှာ၊ ၃၀ ရာခိုင်နှုန်းက လိင်အင်္ဂါပေါ်မှာ၊ ၂၀ ရာခိုင်နှုန်းက မျက်စိမှာ ပေါ်တတ်ပါတယ်။ အရေပြားပေါ် အကွက်စတင်ပေါ်လာရာက အဖုလေးတွေဖြစ်လာတယ်။ အဲဒီနောက်မှာ အရည်ကြည်ဖုဖြစ်လာရာက အဝါရောင်အနှစ်တွေပါတဲ့ ပြည်ဖုတွေဖြစ်လာပါတယ်။ ဆက်ပြီး အဖုတွေမှာအနာဖေးတွေဖြစ်လာပြီး ကွာကျလာပါတယ်။ အဲဒီအဖု/အရည်ကြည်ဖုတွေက ခန္ဓာကိုယ်မှာ အရေအတွက်ထောင်နဲ့ချီပြီးပေါ်လာတာဖြစ်လို့ အဖုတွေကပေါင်းသွားပြီး အချို့လူတွေမှာ အရေပြားအလွှာလိုက် ကွာကျသည်အထိ ဖြစ်နိုင်ပါတယ်။

ရောဂါလက္ခဏာချင်း ဆင်တူပြီး မိမိတို့နိုင်ငံမှာ ဖြစ်ပွားလေ့ရှိတဲ့ ရေကျောက်ရောဂါမှာတော့ ရင်ဘတ်၊ နောက်ကျော စတဲ့ ကိုယ်လုံးပေါ်မှာ အရေပြားပေါ် အရည်ကြည်ဖုငယ်တွေ စတင်ထွက်လာတာဖြစ်ပြီး ယားယံမှုကိုပါတွဲဖက်၍ ခံစားရလေ့ရှိပါတယ်။ မျောက်ကျောက်ရောဂါမှာလို စတင်လက္ခဏာပေါ်စဉ်ကတည်းက ပြန်ရည်ကျိတ်တွေ ကြီးမားရောင်ရမ်းလာတာမျိုး မရှိပါဘူး။

မျောက်ကျောက်ရောဂါ ကူးစက်ခံရသူတွေ အများစုကတော့ နှစ်ပတ်ကနေ လေးပတ်လောက်အတွင်းမှာ ပြန်လည်ကောင်းမွန်လေ့ရှိပေမယ့်လည်း ကလေးတွေ၊ နာတာရှည်ရောဂါအခံရှိသူတွေ၊ ကိုယ်ခံအားလျော့နည်းသူတွေမှာ ရောဂါပြင်းထန်စွာ ခံစားရနိုင်ပါတယ်။

မျောက်ကျောက်ရောဂါ နောက်ဆက်တွဲဆိုးကျိုးတွေအနေနဲ့ အရေပြားအနာပိုးဝင်ခြင်း၊ အဆုတ်ရောင်ခြင်း၊ ပြည်တည်ခြင်း၊ ဦးနှောက်ရောင်ခြင်း၊ မျက်စိကွယ်ခြင်းတို့ဖြစ်ပွားနိုင်ရာမှ အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါတယ်။ ရောဂါကြောင့် သေဆုံးနှုန်းကတော့ သုံးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းအထိရှိပြီး ကလေးတွေ၊ နာတာရှည်ရောဂါအခံရှိသူတွေ၊ ကိုယ်ခံအားလျော့နည်းသူမှာ သေဆုံးမှုနှုန်း ပိုမိုမြင့်မားစွာ ခံစားရနိုင်ပါတယ်။ ယခင်တွေ့ရှိချက်တွေအရ အာဖရိကအလယ်ပိုင်း ကွန်ဂိုချိုင့်ဝှမ်းမျိုးစိတ် (Congo Basin Clade) က ရောဂါကြောင့် သေဆုံးနှုန်း ၁၀ ရာခိုင်နှုန်းအထိ ရှိခဲ့တာကိုတွေ့ရပြီး အာဖရိကအနောက်ပိုင်းမျိုးစိတ် (West African Clade)ကတော့ ရောဂါကြောင့် သေဆုံးနှုန်း တစ်ရာခိုင်နှုန်းခန့်ပဲရှိခဲ့တာကိုတွေ့ရပါတယ်။

**မေး။** ။ မျောက်ကျောက်ရောဂါဗိုင်းရပ်စ်ပိုးက ဘယ်လိုတိရစ္ဆာန်တွေမှာ ရှိနေနိုင်တာလဲ။

**ဖြေ။** ။ မျောက်ကျောက်ရောဂါ ရှိနိုင်တဲ့ တောရိုင်း တိရစ္ဆာန်တွေအနေနဲ့ အဓိကအားဖြင့် ရှဉ့်၊ ကြွက်၊ မျောက်၊ လူဝံ စတဲ့ တောရိုင်းတိရစ္ဆာန်တွေမှာ ရှိနေနိုင်တာဖြစ်ပါတယ်။ မျောက်ကျောက်ရောဂါအနေနဲ့ မျောက်တွေမှာ စတင်တွေ့ရတာဖြစ်ပေမယ့်လည်း မည်သည့်တောရိုင်းတိရစ္ဆာန်ဆီက အတိအကျ စတင်တယ်ဆိုတာနဲ့ တောရိုင်းသဘာဝ (Wildlife) မှာ ဗိုင်းရပ်စ်ရဲ့ သံသရာလည်ပုံကို သိရှိရအောင် လေ့လာမှုတွေဆောင်ရွက်ဖို့ လိုအပ်နေသေးတာလည်းဖြစ်ပါတယ်။

စာမျက်နှာ ၁၇ သို့ ◆

◆ စာမျက်နှာ ၁၆ မှ

**မေး။ ။ မျောက်ကျောက်ရောဂါက ဘယ်လို ကူးစက်တာပါလဲ ။**

ဖြေ။ ။ မျောက်ကျောက်ရောဂါ ကူးစက်ပုံတွေအနေနဲ့ တောရိုင်းတိရစ္ဆာန်တွေဆီက ကူးစက်ခြင်းနဲ့ လူအချင်းချင်း ကူးစက်ခြင်းတို့ဖြစ်ပါတယ်။ ရောဂါသယ်ဆောင်ထားတဲ့ တောရိုင်းတိရစ္ဆာန်ရဲ့ သွေး၊ ဆီး၊ တံတွေးစတဲ့ ခန္ဓာကိုယ်က ထွက်ရှိတဲ့အရည်တွေ၊ အညစ်အကြေးတွေနဲ့ တိရစ္ဆာန်အရေပြားပေါ်မှာရှိတဲ့ အနာခွက်တွေကို တိုက်ရိုက်ထိတွေ့မိခြင်းကနေ တစ်ဆင့် ကူးစက်တာ ဖြစ်ပါတယ်။

လူအချင်းချင်း ကူးစက်မှုအနေနဲ့ကတော့ တိုက်ရိုက် ထိတွေ့မှုကနေတစ်ဆင့် ကူးစက်ခြင်းက ရောဂါရှိသူရဲ့ အနာခွက်တွေကို ထိတွေ့မိရာက တစ်ဆင့် ကူးစက်ခြင်းနဲ့ ခန္ဓာကိုယ်က ထွက်ရှိလာတဲ့ အရည်တွေ၊ အညစ်အကြေးတွေမှတစ်ဆင့် ကူးစက်ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ရောဂါရှိသူ အသက်ရှူထုတ်လိုက်တဲ့အခါ အစက်အမှုန်တွေက အသက်ရှူလမ်းကြောင်းကနေ ထွက်လာပြီး အနီးရှိသူများကို တိုက်ရိုက် ဝင်ရောက်ကူးစက်စေခြင်းနဲ့ ရောဂါရှိသူရဲ့ အဝတ်အစားတွေ၊အိပ်ရာတွေမှာ ကပ်တင်နေတဲ့ ရောဂါပိုးတွေကို လက်ဖြင့် ကိုင်တွယ်မိပြီး လက်ကို စနစ်တကျ မဆေးကြောဘဲ မိမိပါးစပ်၊ နှာခေါင်းစသည်တို့ကို ကိုင်တွယ်မိရာက ကူးစက်တာဖြစ်ပါတယ်။

ဒီနေရာမှာ ကိုဗစ်-၁၉ ရောဂါနဲ့ တူညီတဲ့အချက်ကတော့ အသက်ရှူလမ်းကြောင်းနဲ့ လက်ကနေတစ်ဆင့် ကူးစက်နိုင်တာချင်း တူညီတာဖြစ်ပေမယ့် မတူညီတဲ့အချက်ကတော့ မျောက်ကျောက်ရောဂါပိုးဟာ ကိုဗစ်-၁၉ ရောဂါပိုးထက် ပိုမိုလေးလံတာဖြစ်လို့ ရောဂါပိုးပါဝင်တဲ့ အစက်အမှုန်တွေက အောက်ကိုကျဆင်းတဲ့နှုန်း ပိုများပြီး လူတစ်ဦးနဲ့တစ်ဦး အသက်ရှူလမ်းကြောင်းကနေ တိုက်ရိုက်ဝင်ရောက်ကူးစက်ဖို့အတွက် ရောဂါရှိသူနဲ့ အချိန်အတော်ကြာ မျက်နှာချင်းဆိုင် တွေ့ဆုံတဲ့အခါမှသာ ကူးစက်နိုင်တာကိုလည်း သိရှိရပါတယ်။ ဒါပေမယ့် လူနာနဲ့ အနီးကပ်နေရတဲ့ မိသားစုဝင်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေ စတဲ့သူတွေအတွက်တော့ ကူးစက်ခံရနိုင်ခြေ အလွန်မြင့်မားတာကိုတော့ တွေ့ရပါတယ်။

အခြားကူးစက်နိုင်တဲ့ နည်းလမ်းတွေအနေနဲ့ ရောဂါရှိတဲ့ ကိုယ်ဝန်ဆောင်မိခင်ကနေ သန္ဓေသားကို ကူးစက်စေတဲ့ မွေးရာပါ မျောက်ကျောက်ရောဂါ နဲ့ မွေးကင်းစကလေးကို အနီးကပ်ထိတွေ့မိရာကနေ ကူးစက်စေတာဖြစ်ပါတယ်။ လိင်မှတစ်ဆင့် ကူးစက်စေခြင်း (Sexually transmitted disease) အနေနဲ့တော့ ထင်ရှားစွာ သိရှိရခြင်း မရှိသေးဘဲ သုတေသနလေ့လာမှုများ ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

**မေး။ ။ Monkeypox (မျောက်ကျောက်ရောဂါ) ကို ဘယ်လိုစမ်းသပ်တွေ့ရှိနိုင်ပါသလဲ။**

ဖြေ။ ။ ရောဂါလက္ခဏာ အနေနဲ့ကတော့ အရေပြားပေါ်မှာ အကွက်တွေ၊ အလုံးငယ်တွေ၊ အရည်ကြည်ဖုတွေ ပေါ်ပေါက်လာစေတဲ့ အခြားရောဂါများဖြစ်တဲ့ ကျောက်ကြီးရောဂါ၊ ရေကျောက်ရောဂါ စတာတွေနဲ့ ဆင်တူလို့ ခွဲခြားရခက်ပေမယ့် ရောဂါအစပိုင်း လက္ခဏာပြချိန်မှာ ပြန်ရည်ကျိတ်တွေ ရောင်ရမ်းကြီးထွားတာ (Lymphadenopathy)က အခြားကျောက်ရောဂါတွေနဲ့ သိသာကွဲပြားတဲ့အချက် ဖြစ်ပါတယ်။

မျောက်ကျောက်ရောဂါလို့ သံသယရှိခဲ့ရင် အနာခွက်တွေထဲက အရည် သို့မဟုတ် အနာဖေးကိုရယူကာ ဓာတ်ခွဲခန်းအတွင်းမှာ PCR Test ကို အသုံးပြုပြီး မျောက်ကျောက်ရောဂါ ဟုတ်၊ မဟုတ်ကို အတည်ပြုနိုင်ပါတယ်။

သွေးရည်ကြည်ကို အသုံးပြုပြီး Rapid Diagnostic Test (RDT) နဲ့ စစ်ဆေးရင်တော့ အခြားမျိုးအုပ်စုတူတဲ့ ကျောက်ရောဂါတွေနဲ့ ရောထွေးဖော်ပြနိုင်တာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျောက်ကြီးရောဂါ ကာကွယ်ဆေး (smallpox vaccine) ထိုးနှံထားရင်လည်း မျောက်ကျောက်ရောဂါပိုးရှိတဲ့အကြောင်း မှားယွင်းဖော်ပြနိုင်တာ ဖြစ်ပါတယ်။

**မေး။ ။ Monkeypox (မျောက်ကျောက်ရောဂါ) ကို ဘယ်လို ကုသနိုင်ပါသလဲ။**

ဖြေ။ ။ မျောက်ကျောက်ရောဂါ ကုသရာမှာ ရောဂါလက္ခဏာတွေ သက်သာဖို့၊ နောက်ဆက်တွဲ အနာတွေ ပြည်တည်တာတွေ ပျောက်ကင်းဖို့နဲ့ ရေရှည်မှာ ခန္ဓာကိုယ်အတွက် ထိခိုက်မှုတွေမဖြစ်စေဖို့ ဦးတည်ဆောင်ရွက်ရပါတယ်။ ဥရောပဆေးပညာရှင်အသင်း (European Medical Association-EMA) က ကျောက်ကြီးရောဂါ ကုသဆေးဖြစ်တဲ့ ဗိုင်းရပ်စ်ဆန့်ကျင်ဆေးဝါး (tecovirimat) ကို ၂၀၂၂ ခုနှစ်မှာ မျောက်ကျောက်ရောဂါကုသရေးမှာ အသုံးပြုဖို့ လိုင်စင်ပေးထားတယ်ဆိုပေမယ့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုတာကိုတော့ မတွေ့ရသေးပါဘူး။

**မေး။ ။ Monkeypox (မျောက်ကျောက်ရောဂါ) ကို ဘယ်လို ကာကွယ်နိုင်ပါသလဲ။**

ဖြေ။ ။ မျောက်ကျောက်ရောဂါအတွက် ရရှိနိုင်တဲ့ ကာကွယ်ဆေးကတော့ ဗိုင်းရပ်စ်မျိုးနွယ်အုပ်စုချင်းတူညီတဲ့ ကျောက်ကြီးရောဂါ ကာကွယ်ဆေး (smallpox vaccine) ဖြစ်ပြီး မျောက်ကျောက်ရောဂါကိုလည်း ၈၅ ရာခိုင်နှုန်းအထိ ကာကွယ်နိုင်တယ်လို့ သိရပါတယ်။ ဒါပေမယ့် ၁၉၈၀ ပြည့်နှစ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကမ္ဘာပေါ်မှာ ကျောက်ကြီးရောဂါ အမြစ်ပြတ်ကင်းစင်ပြီဖြစ်ကြောင်း ကြေညာခဲ့တဲ့အတွက် ကျောက်ကြီးရောဂါ ကာကွယ်ဆေးထိုးနှံမှုကို နိုင်ငံအများစုက ရပ်ဆိုင်းခဲ့တာဖြစ်ပါတယ်။ ကျောက်ကြီးရောဂါကာကွယ်ဆေး ထိုးနှံမှုရရှိခဲ့တဲ့သူတွေအနေနဲ့ကတော့ လက်မောင်းရင်းမှာ သိသာထင်ရှားတဲ့ အမာရွတ်တွေရှိနေဆဲဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်မှာ မျောက်ကျောက်ရောဂါအတွက် နှစ်ကြိမ်ထိုးရတဲ့ကာကွယ်ဆေးသစ်အနေနဲ့ ထပ်မံထုတ်လုပ်ဖို့ အတည်ပြုချက်ရရှိထားတယ်လို့လည်း သိရပါတယ်။ ဒါပေမယ့် အဲဒီကာကွယ်ဆေးဟာလည်း အရေအတွက် အကန့်အသတ်နဲ့ပဲ ရရှိနိုင်သေးတယ်လို့ သိရပါတယ်။

> ❝ ရောဂါကာကွယ်ရေးနည်းလမ်းတွေအနေနဲ့ မျောက်ကျောက်ရောဂါ သံသယလက္ခဏာရှိသူတွေနဲ့ အနီးကပ်ထိတွေ့ခြင်းက ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ မလိုအပ်ဘဲ တောရိုင်းတိရစ္ဆာန်တွေနဲ့ ထိတွေ့မှု၊ လမ်းဘေးတွေမှာတွေ့ရတတ်တဲ့ တောရိုင်းတိရစ္ဆာန်အသေကောင်တွေကို အကာအကွယ် မပါဘဲ ကိုင်တွယ်မှုတွေကို ရှောင်ရှားရမှာဖြစ်ပါတယ်။ အသားတွေကို ချက်ပြုတ်တဲ့အခါမှာ ကျက်အောင်ချက်ပြီးမှ စားသောက်ဖို့လည်း လိုအပ်ပါတယ် ❞

ရောဂါကာကွယ်ရေး နည်းလမ်းတွေအနေနဲ့ မျောက်ကျောက်ရောဂါ သံသယလက္ခဏာရှိသူတွေနဲ့ အနီးကပ်ထိတွေ့ခြင်းက ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ မလိုအပ်ဘဲ တောရိုင်းတိရစ္ဆာန်တွေနဲ့ ထိတွေ့မှု၊ လမ်းဘေးတွေမှာတွေ့ရတတ်တဲ့ တောရိုင်းတိရစ္ဆာန်အသေကောင်တွေကို အကာအကွယ် မပါဘဲ ကိုင်တွယ်မှုတွေကို ရှောင်ရှားရမှာဖြစ်ပါတယ်။ အသားတွေကို ချက်ပြုတ်တဲ့အခါမှာ ကျက်အောင်ချက်ပြီးမှ စားသောက်ဖို့လည်း လိုအပ်ပါတယ်။ အကယ်၍ မျောက်ကျောက်ရောဂါလက္ခဏာနဲ့ ဆင်တူခဲ့ရင် နီးစပ်ရာကျန်းမာရေးဌာနကို သတင်းပေးပို့ရမှာဖြစ်ပြီး အနီးကပ်ပြုစုမယ့်သူကလည်း ကျောက်ကြီးရောဂါ ကာကွယ်ဆေးထိုးနှံခြင်းခံယူထားရမှာဖြစ်ကာ လူနာ၏ခန္ဓာကိုယ်မှ ထွက်ရှိတဲ့ အရည်များ၊ အညစ်အကြေးများကို ကိုင်တွယ်ပါက လက်အိတ်အသုံးပြုခြင်း၊ လက်ကို စနစ်တကျ ဆေးကြောခြင်း၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်း၊ မျက်လုံးတို့ကို ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ လူနာနှင့် ထိတွေ့ချိန် အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရမှာ ဖြစ်ပါတယ်။

**မေး။ ။ ကိုဗစ်-၁၉ ရောဂါ၊ မျောက်ကျောက်ရောဂါ စတဲ့ တိရစ္ဆာန်ကတစ်ဆင့် ကူးစက်တဲ့ ရောဂါတွေကို ဘယ်လိုကာကွယ် နှိမ်နင်းရပါမလဲ။**

ဖြေ။ ။ မျောက်ကျောက်ရောဂါ အပါအဝင် တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်သည့်ရောဂါများ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများတွင် လူသားများကျန်းမာရေးကဏ္ဍ (human health) တစ်ခုတည်း ဆောင်ရွက်၍မရဘဲ တိရစ္ဆာန်ကျန်းမာရေးကဏ္ဍ (animal health) နှင့် ပတ်ဝန်းကျင်ကျန်းမာရေးကဏ္ဍ (environmental health) တို့ ပူးပေါင်းဆောင်ရွက်သည့်၊ အားလုံးပါဝင်သည့် တစ်ခုတည်းသော ကျန်းမာရေးပုံစံ (one health approach) ဖြင့် ဆောင်ရွက်မှသာလျှင် လုပ်ငန်းများ ထိရောက်အောင်မြင်မည်ဖြစ်ပြီး အနာဂတ်ကာလတွင် ပေါ်ပေါက်လာနိုင်သည့် တိရစ္ဆာန်မှတစ်ဆင့် ကူးစက်သည့် ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကမ္ဘာ့ကပ်ရောဂါကြီးများနှင့် ဒေသအလိုက် ဖြစ်ပေါ်လာနိုင်သည့် ကပ်ရောဂါများကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။

တိရစ္ဆာန်ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်၍ မိမိတို့နိုင်ငံသို့ ပြည်ပမှ တောရိုင်းတိရစ္ဆာန်တွေ တင်သွင်းခွင့်ကို ပိတ်ပင်ထားပြီးဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။ မျောက်ကျောက်ရောဂါ လက္ခဏာရှိတဲ့ တိရစ္ဆာန်တွေနဲ့ အနီးကပ်ထိတွေ့ခဲ့တဲ့ တိရစ္ဆာန်တွေကိုလည်း ကွာရန်တင်းရက် ၃၀ ထားရှိ၍ မျောက်ကျောက်ရောဂါလက္ခဏာတွေ ပေါ်ပေါက်လာခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမှာဖြစ်ပြီး ၎င်းတို့ကို ကိုင်တွယ်ရာမှာလည်း အကာအကွယ် စနစ်တကျ အသုံးပြု၍ ကိုင်တွယ်သင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားပါတယ်။

အထက်တွင် တင်ပြခဲ့တဲ့ One Health Approach နဲ့ဆက်စပ်၍ ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သည့် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးကဏ္ဍ (Global health) ကိုလည်း နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ (၁၅) ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးအဖြစ် ရှစ်ကြိမ်မြောက် အာဆီယံ-တရုတ် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို "ကပ်ရောဂါများ ပြင်ဆင်တုံ့ပြန်ရာတွင် One Health Approach နည်းလမ်းအသုံးပြုရေး" "Promoting One Health Approach to Prepare and Respond to Pandemic" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းကလည်း တက်ရောက်ဆွေးနွေးခဲ့တာဖြစ်ပါတယ်။

**မေး။ ။မြန်မာနိုင်ငံမှာ Monkeypox (မျောက်ကျောက်ရောဂါ) နဲ့ ပတ်သက်ပြီး ဘယ်လိုကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ထားရှိပါသလဲ။**

ဖြေ။ ။ မိမိတို့နိုင်ငံတွင် မျောက်ကျောက်ရောဂါ (Monkeypox) ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတစ်ရပ်ကို ၂၃-၅-၂၀၂၂ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ကျင်းပခဲ့ပါတယ်။

အစည်းအဝေးဆုံးဖြတ်ချက်များအရ ယခုအခါ ဖြစ်ပွားမှု မရှိတော့သော ကျောက်ကြီးရောဂါ (smallpox)၊ အလွန်ပြင်းထန်ခြင်းမရှိသော ရေကျောက်ရောဂါ (chickenpox) နဲ့ မျောက်ကျောက်ရောဂါ (monkeypox) တို့ရဲ့ ရောဂါဖြစ်ပွားရာတွင် တွေ့ရှိရသောရောဂါလက္ခဏာများတွင် ကွာခြားမှု၊ ဖြစ်နိုင်ခြေတို့ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိကြစေရေးအတွက် ကျန်းမာရေးအသိပညာများ မြှင့်တင်ပေးနိုင်ရေး၊ ပြည်သူများအကြား စိုးရိမ်ထိတ်လန့်မှု မဖြစ်စေရေး ဆောင်ရွက်ပေးနိုင်ရေး၊ မျောက်ကျောက်ရောဂါ၏ သဘောသဘာဝအရ မြန်မာနိုင်ငံတွင် ကပ်ရောဂါအသွင် ဖြစ်ပွားနိုင်ခြေ နည်းပါးသော်လည်း ကျောက်ရောဂါအမျိုးမျိုးနဲ့ ပတ်သက်၍လည်းကောင်း၊ ရှိရင်းစွဲ ကူးစက်ရောဂါများနဲ့ပတ်သက်၍လည်းကောင်း ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုများကို စောင့်ကြည့်ရန်နှင့် မိမိတို့နိုင်ငံတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ရောဂါသံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနများတွင် လာရောက်ပြသနိုင်ရေး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ရေး၊ ဆေးကုသရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရေး၊ ရောဂါပိုးတွေ့ရှိပါက ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး၊ One Health Approach အရ မွေးမြူရေးနဲ့ ကုသရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍနဲ့ ကျန်းမာရေးကဏ္ဍတို့ ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်နိုင်ရေးနဲ့ လိုအပ်သည့်ဆေးဝါးနဲ့ ဆေးပစ္စည်းကိရိယာများ၊ ဓာတ်ခွဲစမ်းသပ်ပစ္စည်းတွေ အဆင်သင့်ပြင်ဆင်ထားရှိရေးတို့အတွက် သက်ဆိုင်ရာဌာနအသီးသီးအနေနဲ့လည်း လုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ ယခုအချိန်ထိ တွေ့ရှိချက်များအရ Monkeypox (မျောက်ကျောက်ရောဂါ) ဟာ ကျောက်ကြီးရောဂါ (smallpox) နဲ့ ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကမ္ဘာ့ကပ်ရောဂါအသွင် ဖြစ်ပွားလာနိုင်ဖို့ အခွင့်အလမ်းအနေနဲ့ကတော့ အလွန်နည်းပါးပါတယ်။ ရောဂါကူးစက်မှုအနေနဲ့ ကိုဗစ်-၁၉ ရောဂါကဲ့သို့ လူတစ်ဦးမှ တစ်ဦး အလွယ်တကူ ကူးစက်နိုင်ခြင်း မရှိတာကို တွေ့ရပါတယ်။ ရောဂါကူးစက်ခံရရင်လည်း ဆေးကုသမှု စနစ်တကျ မရရှိရင်တောင်မှ အများစုက နှစ်ပတ်ကနေ လေးပတ်လောက်အတွင်းမှာ ပြန်လည်ကောင်းမွန်လာတာဖြစ်ပါတယ်။ ၂၅-၅-၂၀၂၂ ရက်နေ့ နံနက်ပိုင်းအထိ ရောဂါအတည်ပြုလူနာ ၂၂၈ ဦး ရှိပေမယ့်လည်း ရောဂါကြောင့် သေဆုံးသူ မတွေ့ရှိရပါဘူး။ ရောဂါနဲ့ပတ်သက်လို့ ထိရောက်တဲ့ ကာကွယ်ဆေးတွေ၊ ကုသဆေးတွေ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးနည်းလမ်းတွေ၊ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုတွေကလည်း အခုအချိန်မှာ အလွန်ကောင်းမွန်တဲ့ အနေအထားမှာ ရှိနေတာဖြစ်ပြီး ရောဂါကလည်း အသစ်ပေါ်ထွက်လာတဲ့ ရောဂါ မဟုတ်ပါဘူး။

ဒါပေမယ့် ဗိုင်းရပ်စ်ရောဂါပိုးတွေရဲ့ မျိုးဗီဇပြောင်းလဲတတ်တဲ့ သဘောသဘာဝအရ ရောဂါဖြစ်ပွားမှုတွေကိုတော့ သတိပြုစောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိဘပြည်သူတွေအနေနဲ့ ရောဂါနဲ့ပတ်သက်ပြီးသတိရှိကြဖို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းတွေနဲ့ ဆင်တူတဲ့-

- **လက်ကို စနစ်တကျ ဆေးကြောဖို့၊**
- **စွမ်းတဲ့ခြေလှမ်း ပါးစပ်နဲ့ နှာခေါင်းစည်း တပ်ဆင်ဖို့၊**
- **တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေဖို့၊**
- **တောရိုင်းတိရစ္ဆာန်တွေကို အကာအကွယ် မပါဘဲ မထိတွေ့ဖို့၊**
- **အသားစိမ်းတွေကို ကျက်အောင်ချက်ပြီးမှ စားဖို့၊**
- **လက်မဆေးဘဲ နှာခေါင်း/ပါးစပ်/မျက်လုံးကို ကိုင်တွယ်ခြင်းမပြုဖို့၊**
- **နှာချေ/ချောင်းဆိုးတဲ့အခါမှာ လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးနဲ့ လုံခြုံအောင် ဖုံးအုပ်ထားဖို့**

စသည့်ရောဂါ ကာကွယ်ရေးနည်းလမ်းတွေကို သတိပြုလိုက်နာဖို့နဲ့ Monkeypox (မျောက်ကျောက်ရောဂါ) နဲ့ ပတ်သက်လို့ အလွန်စိုးရိမ်ထိတ်လန့်စရာမလိုဘဲ ကျန်းမာရေးအသိနှင့် ကျန်းမာရေး သတိရှိရန်သာ လိုအပ်ကြောင်းကို အသိပေးတင်ပြလိုက် ရပါတယ်။ ။

# မြန်မာ့ရိုးရာစကားပုံပုံပြင်များ

မင်းသက်တင်

**ဝစီဗေဒထိတိုင်းရှ**

"မိဘတို့ရဲ့ အကြောင်းကိစ္စဟာ သားသမီးတို့ရဲ့ အကြောင်းကိစ္စပါပဲ အဖေ။ ကောင်းမွေရော ဆိုးမွေပါ ဆက်ခံရမှာမို့ အဖေ့ကိစ္စမပြီးမချင်း သားကူညီပါ့မယ်"

ဖခင်ဖြစ်သူအား အငယ်ဆုံးသားက ပြန်ပြောလာတဲ့စကားကြောင့် ရွှေပန်းထိမ်သည်ဟာ အားတက်သွားရုံး မြတ်စွာဘုရားကို အမြန်ဆုံးတောင်းပန်ကန်တော့နိုင်တော့မယ်ဆိုတဲ့ အတွေးနဲ့ ရွှင်လန်းလာတာပေါ့ကွယ်။

အချိန်ကား ကဿပမြတ်စွာဘုရားပွင့်တော်မူစဉ်က ဖြစ်တယ်။ ဇဋ္ဌလသူဌေးအလောင်းအလျာဟာ ဗာရာဏသီပြည်မှာ ရွှေပန်းထိမ်သည်ဖြစ်နေလေရဲ့။ သာသနာတော်အတွက် ပစ္စည်းလေးပါးထောက်ပံ့ ဆည်းကပ်နေသူလည်း ဖြစ်ပေတယ်။

တစ်နေ့မှာတော့ ရွှေပန်းထိမ်သည်ဟာ ဇနီးမယားဖြစ်သူနဲ့စကားများဒေါသထွက်နေစဉ်မှာ မြတ်စွာဘုရားအား စကားနှင့် ပြစ်မှားကျူးလွန်မိလေတယ်။

အဲဒီကာလကတော့ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးလို့ ကြွင်းကျန်ရစ်တဲ့ ဓာတ်တော်တွေကို အရှည်တည်တံ့အောင် ရွှေစေတီတည်ကာ ဋ္ဌာပနာကြတယ်။ စေတီမှာ မုခ်လေးမုခ်နဲ့ တည်ဆောက်ရာ မြောက်ဘက်မုခ်မှာ ရွှေလိုနေတဲ့အတွက် တာဝန်ခံ ရဟန္တာအရှင်မြတ်ကြီး တစ်ပါးက ရွှေပန်းထိမ်သည်ထံ အလှူခံနှိုးဆော်ဖို့ ကြွရောက်တော်မူတယ်။



"အရှင်ဘုရား ဘာကိစ္စတုံး"

"ဘုန်းကြီးတို့ရဲ့ ရှင်တော်မြတ်စွာဘုရား ကြွင်းကျန်ထားရစ်တော်မူသွားတဲ့ ဓာတ်တော်မွေတော်တွေကို ဋ္ဌာပနာပြီး ရွှေစေတီတော်ကြီးတည်ထားကြတယ်။ မြောက်ဘက်မုခ်မှာ ရွှေနည်းနည်း လိုနေလို့ ကုသိုလ်အရေး နှိုးဆော်ပါတယ် ဒါယကာ"

ရဟန္တာအရှင်မြတ်ကြီးက ရွှေပန်းထိမ်သည်ဟာ ကျောင်းတော်သို့ မပြတ် ဝင်ထွက်နေတဲ့ ဥပါသကာ ဖြစ်နေလို့ ရှင်းလင်းပြောပြ အလှူခံဖို့ရာနှိုးဆော်တာလည်းဖြစ်လေတယ်။

"လာမရှုပ်လေနဲ့ ကိုယ်တော်။ အရှင်ဘုရားတို့ စေတီကို ဂင်္ဂါမြစ်ထဲ မျှောလိုက်ရင်ပြီးရော"

"ရှင် ဘယ်လို ပြောလိုက်တာလဲ။ ကျွန်မကို ဒေါသထွက်နေရင် ကျွန်မကို ရိုက်ပါလား။ ဆဲပါလား။ ကန်ကြောက်ပါတော့လား။ မြတ်စွာဘုရားကို ဘာဖြစ်လို့ ပြစ်မှားရတာလဲ"

ဇနီးမယားဖြစ်သူက အကွယ်မှ ထွက်လာပြီးပြောလေရာ ရွှေပန်းထိမ်သည်မှာ 'ဟာခနဲ' ဖြစ်ကာ သတိတရား ရသွားတော့သည်။

"သည်းခံတော်မူပါဘုရား။ တပည့်တော် မှားသွားပါတယ်။ သည်းခံတော်မူပါဘုရား"

"ဒါယကာဟာ ငါ့ကို ပြစ်မှားတာ မဟုတ်ဘူး။ မြတ်စွာဘုရားကို ပြစ်မှားတာဖြစ်တဲ့အတွက် မြတ်စွာဘုရားကိုသာ ကန်တော့တောင်းပန်ပေတော့ ဒါယကာ"

"ဘယ်လိုများတောင်းပန်ပြီး ဘယ်လိုကန်တော့ရမှာပါလဲ ဘုရား။ မိန့်ကြားတော်မူပါ"

"ရွှေပန်းသုံးခိုင်ပြုလုပ်ပြီး ဓာတ်တော်ဋ္ဌာပနာတိုက်ထဲမှာ ပူဇော်ပါ ဒါယကာ"

ရဟန္တာအရှင်မြတ်ကြီး ပြန်ကြွသွားတဲ့အခါ ရွှေပန်းထိမ်သည်ဟာ မြတ်စွာဘုရားအား ပြစ်မှားမိတဲ့အတွက် ထိပ်လန့်တုန်လှုပ်ပြီး ကျူးလွန်မိတဲ့ အပြစ်တွေကို ဝန်ချတောင်းပန်ကန်တော့ရန် စိတ်စောနေတော့တာပေါ့ကွယ်။

"အဖေ့ကိုကူပါ သားရယ်။ ရွှေပန်းခိုင် တစ်ခိုင်တစ်ခိုင်မှ တစ်ထွာပဲမြင့်မှာပါ"

"အလုပ်တွေများနေတယ် အဖေရာ။ ပြီးတော့ မြတ်စွာဘုရားကို ပြစ်မှားမိတာကလည်း အဖေကိုယ်တိုင် ဖြစ်နေတော့ မြတ်စွာဘုရားကိုကန်တော့ဖို့ ရွှေပန်းခိုင်တွေပြုလုပ်ရမှာလည်း အပြစ်ကျူးလွန်မိတဲ့ အဖေကိုယ်တိုင်ပဲ လုပ်တာကောင်းပါတယ်"

ရွှေပန်းထိမ်သည်ဟာ သားကြီးဖြစ်သူကိုခေါ်ကာ မိမိဖြစ်စဉ်ကိုပြောပြပြီး အကူအညီတောင်းရာ မရရှာတဲ့အပြင် သားကြီးရဲ့ ပြောလိုက်တဲ့စကားကြောင့် စိတ်မကောင်းဖြစ်ရတာပဲ အဖတင် လိုက်ရတယ်။ ဒါနဲ့ သားအလတ်ကိုခေါ်ပြီး အကျိုးအကြောင်းပြောပြကာ အကူအညီတောင်းပြန်သော်လည်း သားကြီးလိုပဲ ပြန်ပြောလို့ အကူအညီလည်း မရပြန်ဘူးတဲ့ကွယ်။ ဒါပေမဲ့ လက်မလျှော့ဘဲ နောက်ဆုံးမှာ အငယ်ဆုံးသားကိုခေါ်ကာ ဖြစ်စဉ်ကိုပြောပြပြီး အကူအညီတောင်းလိုက်တယ်တဲ့ကွယ်။

"အစ်ကိုတွေပြောတာ အဖေ လုပ်တာကြောင့် အဖေကိုယ်တိုင်ပဲ ဖြေရှင်းရမယ်ဆိုတာ မှန်သလိုတော့ အရှိသား။ ဒါပေမဲ့ မိဘတို့ရဲ့အကြောင်းကိစ္စဟာ သားသမီးတို့ရဲ့ အကြောင်းကိစ္စပါပဲ အဖေ။ ကောင်းမွေရောဆိုးမွေပါ ဆက်ခံရမှာမို့ အဖေ့ကိစ္စမပြီးမချင်း သားကူညီပါ့မယ်" ။

သားငယ်က ကိုယ်ပိုင်အလုပ်ကို ပစ်ထားပြီး ရွှေပန်းခိုင် သုံးခိုင်ပြီးစီးတဲ့အထိ အကူအညီပေးလေတယ်။

ရွှေပန်းထိမ်သည်ဟာ ရွှေပန်းခိုင်သုံးခိုင်ကို ရွှေစေတီတော်ဋ္ဌာပနာတိုက်အတွင်းမှာ စိုက်ထူပူဇော်ပြီး မြတ်စွာဘုရားအား ပြစ်မှားကျူးလွန်မိတဲ့စကားအတွက် ကန်တော့တောင်းပန်ရာတယ်။ နောက်ပြီး မြောက်ဘက်မုခ်မှာ လိုအပ်နေတဲ့ ရွှေတစ်ဖျာစာကိုလည်း အပြည့်အဝ လှူဒါန်းလိုက်လေသတဲ့။

ဒေါသအလျောက် ပါးစပ်ကလွတ်ခနဲ ပြောထွက်သွားတဲ့ ရန့်ရင်းရိုင်းစိုင်းတဲ့စကားတစ်ခွန်းဟာ လက်တစ်ဖျစ်စာသာ ကြာပေမယ့် မြတ်စွာဘုရားအား ဝစီဖြင့် ပြစ်မှားကျူးလွန်မိတဲ့ ရွှေပန်းထိမ်သည်ဟာ "ဝစီဗေဒ ထိတိုင်းရှ" ပြီး ခုနစ်ဘဝ ရေမျှောခံရတဲ့အထိ အပြစ်ကို ပေးဆပ်လိုက်ရတော့တာပေါ့ကွယ်။ ။

# တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

**ဓနုတိုင်းရင်းသားရိုးရာစကားထာ**

ရှေးလွန်လေပြီးသောအခါက ရာမညတိုင်းရှိ ကျေးလက်တောရွာတစ်ရွာတွင် သူငယ်ချင်းနှစ်ဦးဖြစ်သည့် ဗညားနှင့် လဝွန်းအိမ်တို့သည် ရွာဦးကျောင်း၌ လောကီနှင့် လောကုတ္တရာ စာပေများကို သင်ယူလျက် ရှိသည်။

မွန်တိုင်းရင်းသားဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစား ပညာဆည်းပူးနေကြသူများဖြစ်ရာ ပညာကိုလိုလားပြီး စာကြိုးစားသူများလည်းဖြစ်သည်။ အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်းတောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားကြလေ့ရှိသည်။

"ဗညားရေ ငါ ဉာဏ်စမ်းမေးမယ်ကွာ" လဝွန်းအိမ်က မြက်ခင်းစိမ်းစိမ်းများပေါ်သို့ လဲလျောင်းရင်း ပြောလာသည်။

"မေးလေကွာ၊ ဖြေဖို့ အဆင်သင့်ပဲ။ ဒါပေမဲ့ ဒီတစ်ခါတော့ ဓနုတိုင်းရင်းသားစကားထာဉာဏ်စမ်းထဲကပဲ မေးကြဖြေကြမယ်လေ"

ဘောလုံးကိုအဝေးသို့ ကန်ထုတ်လိုက်ရင်း ဗညားက ပြန်ပြောသည်။

"အေးပါ၊ ကောင်းပါတယ်။ မေးပြီနော်။ 'လမ်းနားသစ်ပင် ပဒုဝဲလိုပွားစွဲဝင် သူလည်းဖွပ်ချင်၊ ငါဖွပ်ချင်တဲ့ အဲဒါဘာလဲ"

"လဝွန်းအိမ်ရာ မင်းရဲ့မေးခွန်းကလည်း အဆန်းပါလား၊ ကဗျာလိုလိုဘာလိုလိုနဲ့၊ စဉ်းစားရဦးမှာပေါ့လေ"

"အဖြေကတော့ ရှိပြီးသားပါ ဗညားရေ...၊ စဉ်းစားလို့မရရင် ပန်းပေးလိုက်ပေါ့ကွာ ဟင်း ဟင်း ဟင်း"

လဝွန်းအိမ်၏စကားကြောင့် ဗညားတစ်ယောက် အခံရခက်နေရပြီး စဉ်းစားရင်းဖြင့် ပြုံးရောင်သန်းကာ ဆက်ပြောလိုက်သည်။

"သူငယ်ချင်းရယ်... စဉ်းစားရင် အဖြေကထွက်ပါတယ်။ ကဗျာဆန်ဆန်လေးပြန်ဖြေလိုက်မယ် နော်။ အဖြေက 'အိမ်ကြီးထက်အပျိုစင် သူလည်းရချင် ငါရချင်ပေါ့' ဓနုတိုင်းရင်းသား စကားထာဉာဏ်စမ်းထဲက အဖြေပါဗျား။ ဟုတ်တယ် ဟုတ်"

ဗညားက ပိုင်နိုင်စွာဖြေဆိုလိုက်ရာ လဝွန်းအိမ်တစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားတော့၏။

"ဒီတစ်ခါ ငါ့ အလှည့်ပဲ၊ ကြိုးစားပြီးသာဖြေပေတော့"

"မေးမှာသာ မေးစမ်းပါ၊ အဖြေဆိုတာ ရှိပြီးသားပါ"

"မေးပြီသူငယ်ချင်းရေ၊ 'တောင်ကကွင်းပြင် ကြက်သွန်ပင်၊ ရေမြင်တယ်လေ တဖွေးဖွေး'ဆိုတာ ဘာကိုဆိုလိုတာလဲ"

ခုတစ်ခါ လဝွန်းအိမ်က ခေါင်းကုတ်ကာ စဉ်းစားသော်လည်း အဖြေကား ချက်ချင်းမထွက်နိုင်ပေ။

"ဘယ်လိုလဲကွ၊ စဉ်းစားနေဆဲပဲလား" အကြံအိုက်နေသည့် လဝွန်းအိမ်ကို ဗညားက မတိတထိ ခပ်ထေ့ထေ့ပြောလိုက်သည်။

"အဲဒါကို ခဏထားကွာ၊ နောက်မှ ငါဖြေမယ်။ မေးခွန်းတစ်ခု မေးချင်လို့"

"ဟိုးထား ...သူငယ်ချင်း၊ အဖြေမပေးရသေးဘဲ နောက်မေးခွန်း မေးတာ လက်မခံနိုင်ပါဘူးဗျာ။ ဖြေမှာသာဖြေပါ။ အချိန်က စေ့တော့မယ်နော်"

လဝွန်းအိမ်၏စကားကို ဗညားကလက်မခံသဖြင့် အဖြေကိုမရမက စဉ်းစားကာ လဝွန်းအိမ်တစ်ယောက် ဖြေရပေတော့မည်။

"ဒါဆိုလည်း ဖြေလိုက်ပါတော့မယ်ကွာ။ အဖြေက 'သူ့သမီးဖြူစင် တစ်ခဏမြင်၊ ချစ်ချင်တယ်လေး၊ တရေးရေး။' ပေါ့။ ဓနုတိုင်းရင်းသား ရိုးရာစကားထာဉာဏ်စမ်းအုပ်စုထဲကပါလေ"

လဝွန်းအိမ်၏အဖြေ တိကျသေချာမှုကြောင့်ဗညားတစ်ယောက် မျက်လုံးပြူးသွားသည်။

"တော်ပါပေတယ် သူငယ်ချင်းရယ်၊ ငါပဲ ထပ်မေးမယ်နော် လဝွန်းအိမ်ရေ၊ မေးလို့ရပါပြီနော်"

"ရပါပြီဗျာ၊ မေးလေ ဗညား၊ မေးပါ"

"မေးခွန်းက 'ထားဝယ်ချောင်းမှာ ဒေါင်းတွေ့တယ်' ဆိုတာ ဘာလဲ၊ ဖြေပါဦး သူငယ်ချင်း"

လဝွန်းအိမ်က အဆိုပါမေးခွန်း၏အဖြေကို သိနေသည်လားမသိ။ အေးအေးလူလူဖြင့် ခပ်ပြုံးပြုံးပင်။ သိပ်ပြီးစဉ်းစားဟန်မရှိဘဲ ဖြည်းဖြည်းချင်း ပြန်ဖြေလိုက်သည်။

"သူငယ်ချင်းမေးတာက 'ထားဝယ်ချောင်းမှာဒေါင်းတွေ့တယ်'လို့ မေးထားတာဆိုတော့ အဖြေက 'ငယ်ကပေါင်းမို့ အောက်မေ့တယ်' ပေါ့ကွာ။ ဓနုတိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းတွေထဲက ပဲနော်"

"မှန်ပါ့သူငယ်ချင်းရာ မှန်ပါ့။ မင်းနဲ့ ငါလိုပေါ့ကွာနော၊ ငယ်ငယ်ကတည်းကနေ အတူတူရှိလာပြီး ညီအစ်ကိုတွေလို ပေါင်းသင်းလာကြတာဆိုတော့ တစ်ခါတလေများ ခဏတာခွဲခွာကြရရင်ကို သတိတရနဲ့ အောက်မေ့နေတတ်တာမျိုးပေါ့ လဝွန်းအိမ်ရာ"

"ဟုတ်ပါ့ကွာ"

ထိုအချိန်တွင် ဘုန်းကြီးကျောင်းမှ နာရီသံချောင်းခေါက်သံ နှစ်ချက်ထွက်ပေါ်လာရာ ဗညားနှင့် လဝွန်းအိမ်တို့နှစ်ဦး ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြတော့သည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ထုံစံအတိုင်း ဩဝါဒစကားများပြောပြီးနောက် အငြိမ့်ထွက်သည်။ တတိယနှစ်ကျောင်းသားကြီး နှစ်ဦးတို့က လူပြက်လုပ်ကြသည်။ မင်းသမီးမှာလည်း ကျောင်းသူထဲမှပင် ဖြစ်သည်။

ဆိုင်းအဖွဲ့မပါဝင်ပေ။ တိတ်ရီကော်ဒါဖြင့် တီးလုံးများသွင်းထားသည်။

မင်းသမီးလုပ်သောကျောင်းသူမှာ အကမဆိုးလှ။ အသံလည်း အကောင်းလေသား။ အသက်မွေးဝမ်းကျောင်းမှုမဟုတ်ဘဲ ဝါသနာအလျောက် ကပြသူအနေနှင့် ချီးကျူးရမည်ပင်။

မင်းသမီးက အငြိမ့်သီချင်းတစ်ပုဒ်ဆိုသည်။ ယင်းသီချင်းမှာ တစ်ချိန်က နန်းကိန္နရီ အငြိမ့်စင်၌ သီဆိုဖူးသောသီချင်း၊ နန်းကိန္နရီ၏ သီချင်း။

ထို့ကြောင့်လည်း နန်းကိန္နရီမှာ မထင်မှတ်သော တိုက်ဆိုင်မှုအတွက် အံ့ဩနေမိသည်။ ရင်ထဲမှာလည်း ပူနွေးလာသလိုပင်။

မိမိသီဆိုဖူးသော သီချင်း၊ မိမိသီချင်းကို အခြားသူတစ်ဦးက နှစ်နှစ်ခြိုက်ခြိုက် သီဆိုနေကြောင်း တွေ့ရသောအခါ ကြည်နူးမိသလိုလို ဝမ်းသာမိသလိုလိုရှိသည်။

အမှန်ပြောရလျှင် ယခင်နေ့များက နန်းကိန္နရီသည် သည်နယ်မြေသို့ ဝင်ရောက်ရမည်ကို မဝံ့မရဲရှိခဲ့သည်။ အလိုလိုနေရင်း ကြောက်ရွံ့တုန်လှုပ်နေမိသည်။ သည်နယ်မြေသည် မိမိအား လိုလိုချင်ချင် ကြိုဆိုခြင်းမှ ရှိပါ့မလား။ အများတကာတို့အကြား၌ မိမိမှာ ယောင်လည်လည် ကြောင်တက်တက်များ ဖြစ်နေလေသလား။ သို့မဟုတ် တစ်ကြိမ်သော အခါက အငြိမ့်ကဖူးခဲ့ခြင်း၊ ဆင်းရဲ နွမ်းပါးခဲ့ခြင်းများသည် စိတ်အနှောင့်အယှက်ဖြစ်ဖွယ်တို့ကို ဖန်တီးလာလေမလား စသည်ဖြင့် ပူပန်မိခဲ့သည်။

သည်နယ်မြေ၏အဟန့်ကလည်း သူစိမ်းတစ်ယောက်၏စိတ်ကို နုံနဲ့သေးသိမ်သွားစေနိုင်သည် အမှန်ပင်။

ယင်းသို့ ရှိနေစဉ်အခိုက် မိမိ၏သီချင်းကို သီဆိုကြိုဆိုခြင်း ပြုလာသည့်အခါ နန်းကိန္နရီမှာ တက်ကြွလာသည်။ ဝံ့ရဲလာသည်။

ကျောင်းသူမင်းသမီးက တေးသီကာ ကကြိုးသွယ်လာလေလျှင် နန်းကိန္နရီသည် ကကြိုးကကွက်၌ အာရုံဝင်စား မျောပါသွားမိသည်။

"ဟေ့ ဒီမယ်"

နံဘေးမှ မိန်းကလေးတစ်ယောက်က နန်းကိန္နရီအား တံတောင်ဆစ်ဖြင့် တွတ်ရင်း ခေါ်လာသည်။

ထိုမိန်းကလေးကို နန်းကိန္နရီ စောင်းငဲ့ကြည့်မိသည်။ တရုတ်ကပြားမကလေးတစ်ယောက်ဖြစ်သည်။ အလွန်ခေတ်မီသော ဆံပင်ပုံစံရှိသည်။ မျက်နှာ၌ ပင်ကိုအလှထက် ခြယ်သမှု ပိုမိုများပြားသည်။ မျက်မှန်ကိုင်းလှလှတပ်ထားသည်။ အဝတ်အစားမှာ အရောင်လွင်လွင်နှင့် တောက်တောက်ပြောင်ပြောင်နိုင်သည်။

"ဒီမယ်၊ ယူ့နာမည် နန်းကိန္နရီ မဟုတ်လားဟင်"

မိန်းကလေး၏အမေးကြောင့် နန်းကိန္နရီအံ့အားသင့်သွားမိသည်။ "ဟင်" ဟု ပြန်မေးမိသည်။ စင်စစ်တွင်လည်း သည်နယ်မြေသို့ရောက်ကတည်းက ပထမဆုံးအကြိမ်အဖြစ် လူတစ်ယောက်နှင့် စကားစပ်ပြောမိခြင်းဖြစ်သည်။

"ယူ့စာအုပ်မှာ နန်းကိန္နရီလို့ ရေးထားတာ မြင်တယ်။ ဒါကြောင့် ယူ့နာမည် နန်းကိန္နရီဖြစ်ရမယ်လို့ တွက်ပြီး မေးတာ။ နန်းကိန္နရီဆိုတာ ယူ့နာမည်ပဲ မဟုတ်လားဟင်"

နန်းကိန္နရီသည် ခေါင်းညိတ်ပြလိုက်မိသည်။ နှုတ်မှလည်း ဖြေမိသည်။

"ဟုတ်၊ ဟုတ်ပါတယ်"

"အခု စင်ပေါ်က ဆိုနေတဲ့သီချင်းနဲ့ ယူနဲ့ မဆက်စပ်ပါဘူးနော်"

"ဟင်"

"ဩော်၊ ယူဟာ အငြိမ့်မင်းသမီးတော့ မဖြစ်နိုင်ဘူး တွက်မိလို့ပါ။ ဒီသီချင်းကို ရေဒီယိုအငြိမ့်ခန်းကနေ ကိုယ်ကြားဖူးတယ်။ အခုတစ်ခါ ဒီမှာဆိုနေသံကြားရပြန်တယ်။ ယူ့စာအုပ်ပေါ်က နာမည်ကိုလည်း ကြည့်မိတယ်။ နန်းကိန္နရီတွေချင်း တိုက်ဆိုင်နေတာကို အံ့ဩမိလို့ပါ"

နန်းကိန္နရီ ဘာပြန်ပြောရမည်မသိ။ တရုတ်ကပြားမကလေး၏မျက်နှာကိုသာ စူးစိုက်ကြည့်နေမိသည်။ ရင်ထဲတွင်မူ သီချင်းနှင့် မိမိတို့စပ်ဆိုင်သည်။ အငြိမ့်ကဖူးသည်ကို ပြောလိုလျက်ရှိသည်။ သို့ရာတွင် ယင်းသို့ပြောလိုက်ခြင်းဖြင့် တစ်ဖက်က အထင်သေးလာမည်ကိုလည်း ကြောက်မိပြန်သည်။

တရုတ်ကပြားမကလေးက ပြုံးလိုက်သည်။ နန်းကိန္နရီထံ လက်ကမ်းပေးလိုက်သည်။

"ကိုယ့်နာမည် လစ်လီဟုတ်ကြိုင်ပါ။ အလွယ်ခေါ်ရင် လစ်လီပဲခေါ်ပေါ့။ ဒီထက်လွယ်လွယ်ခေါ်ချင်ရင် လီလီလို့ပဲခေါ်။ ယူ့နာမည်ကိုတော့ ပြောဖို့ မလိုပါဘူး။ ကိုယ်သိပြီးသားပဲဥစ္စာ"

နန်းကိန္နရီသည် လစ်လီဟုတ်ကြိုင်၏လက်ကို ဆုပ်ကိုင်နှုတ်ဆက်လိုက်ရသည်။ တစ်ခဏချင်းမှာပင် ယင်းမိန်းကလေး၏ ပွင့်လင်းဖော်ရွေမှုနှင့် ရဲတင်းသွက်လက်မှုကို သဘောကျသွားမိသည်။

"ဝမ်းသာပါတယ် လီလီ။ ကိုယ်မင်းကို လီလီလို့ပဲ ခေါ်မယ်နော်။ ကိုယ့်ကိုမှတ်ထားပါ။ တွေ့ရင်ခေါ်ပါ။ ကိုယ်လည်းမင်းကို မှတ်ထားပါတယ်။ တွေ့ရင်ခေါ်ပါ့မယ်"

သို့ဖြင့် မိန်းကလေးနှစ်ယောက်တို့သည် လွယ်ကူစွာ မိတ်ဆွေဖြစ်သွားကြသည်။ တစ်ခဏချင်းမှာ ရင်းရင်းနှီးနှီး ဖြစ်သွားကြသည်။ လီလီသည် တရုတ်သူဌေးသမီးဖြစ်သည်။ အစ်ကိုတွေက တက္ကသိုလ်ကျောင်းမှာ ရှိနှင့်သည်ဖြစ်၍ တက္ကသိုလ်မြေမှာ သူနှင့် မစိမ်းလှ။ တက္ကသိုလ်ဝင်တန်းကို သုံးနှစ်ဖြေပြီးမှ တက္ကသိုလ်သို့ရောက်လာရသည် စသည်ဖြင့် ပြောပြသည်။

"ယူ့နာမည်ကတော့ စံပဲဟေ့။ ကိုယ်ကြားဖူးခဲ့တဲ့ ခေတ်အဆန်ဆုံး၊ အလှပဆုံးဆိုတဲ့ နာမည်တွေထဲမှာ အကောင်းဆုံးပဲ"

လီလီက ချီးကျူးသည်။

သည်နာမည်နှင့်စပ်လျဉ်း၍ လီလီကသာ ချီးကျူးသည်။ နန်းကိန္နရီအဖို့မှာမူ တစ်ခါတစ်ရံ စနိုးစနောင့် ခံစားရသည်။

နန်းကိန္နရီသည် မိမိကိုယ်ကို တင်တင်ရီအမည်ဖြင့်ပင် ရပ်တည်ရမည်လား။ နန်းကိန္နရီအဖြစ်ဖြင့် ရပ်တည်ရမည်လား စသည်ဖြင့် အတန်ကြာအောင် စဉ်းစားခဲ့ရသည်။ အငြိမ့်လောကမှာရှိစဉ်က တင်တင်ရီဟူသောအမည် ပျောက်ခဲ့သည်။ တကယ်တမ်းတွင် ယင်းအမည်ကို နှစ်ခြိုက်နိုင်ခြင်းလည်း မရှိတော့။ ယင်းအမည်ကို အတိတ်ကာလနှင့်အတူ မြှုပ်နှံသင်္ဂြိုဟ်ထားခဲ့ချင်သည်။ အငြိမ့်မင်းသမီးနှင့် လိုက်လျောညီထွေရှိသော နန်းကိန္နရီအမည်ကို နှစ်ခြိုက်ခဲ့သည်။

အငြိမ့်စင်မှခွာခဲ့ပြီး သာမန်အရပ်သူဖြစ်လာပြန်သောအခါ နန်းကိန္နရီဟူသောအမည်မှာ အငြိမ့်ဆန်နေပြန်သည်။ အရပ်နာမည်နှင့် အံ့မဝင်ဟု ထင်မိပြန်သည်။ အခြားအမည်တစ်ခု သို့မဟုတ် တင်တင်ရီဟူသောအမည်ကို သုံးရကောင်းလေမလား တွေးမိပြန်သည်။

သို့ရာတွင် နန်းကိန္နရီဟူသောအမည်ကို ဒေါ်ရေနံ့သာခင်ခင်ကြီး နှစ်ခြိုက်သည်။ သည်အမည်ဖြင့်သာ ရပ်တည်စေလိုသော ဆန္ဒရှိသည်။ ထို့ကြောင့် သည်အမည် အတည်ဖြစ်ခဲ့လေသည်။ နန်းကိန္နရီမှာမူ ယင်းအမည်အတွက် ဘဝင်ကျလှသည်ကား မဟုတ်ပါပေ။

ယခု လီလီက ချီးကျူးသောအခါမှ သည်အမည်နှင့် စပ်လျဉ်း၍ ကျေနပ်နှစ်သိမ့်ခြင်းရှိရလေမလား စဉ်းစားမိသည်။

"ယူ ဘယ်မှာနေသလဲ"

လီလီမေးသည်။

"ပြည်လမ်းမှာ။ ခုနစ်မိုင်ခွဲမှာ။ အဲဒီမှာ ရေနံ့သာဆိုတဲ့အိမ်ရှိတယ်။ ဂရုတစိုက်ကြည့်ရင် မြင်နိုင်ပါတယ်။ အဲဒီမှာနေတာပေါ့။ တစ်နေ့လောက် လိုက်လည်ပါလား"

"ကောင်းသားပဲ၊ တစ်နေ့ကျရင် ကိုယ့်ကို မှတ်မှတ်ရရခေါ်နော်"

နန်းကိန္နရီသည် အငြိမ့်သို့ အာရုံရောက်ခဲ့ရပြန်သည်။ စင်စစ် အငြိမ့်မှာ နန်းကိန္နရီကပြခဲ့ဖူးသော အငြိမ့်ခန်း တစ်ခန်းလုံးကို ကူးယူထားကြောင်း တွေ့ရသည်။ သီချင်းကအစ၊ ကကြိုးကကွက်ကအစ၊ ပြက်လုံးအချို့ကအစ တူညီနေသည်။ ရေဒီယို အငြိမ့်ခန်းကို ရီကော်ဒါဖြင့် တိုက်ရိုက်ကူးယူကာ ထိုအတိုင်း ဇာတ်တိုက်ထားခဲ့ခြင်းပင် ဖြစ်မည်ထင်ရသည်။ သို့မဟုတ်လျှင်လည်း အငြိမ့်ခန်း စီစဉ်သူသည် နန်းကိန္နရီအငြိမ့်ကို ကြည့်ဖူးကာ ထိုအတိုင်းပြန်လည်ကပြရန် စီစဉ်ခဲ့ဟန်တူပါသည်။

လီလီ၏ ဆတ်ဆော့မှုကြောင့်ပင် ဖြစ်မည်ထင်သည်။ အနီးအနားရှိကျောင်းသူများက နန်းကိန္နရီကို ကြည့်လာကြသည်။ လီလီက ကျောင်းသူအချို့နှင့် မိတ်ဆက်ပေးခဲ့ရာ နန်းကိန္နရီဟူသောအမည်ကို အသိများလာသည်။ အငြိမ့်ခန်းနှင့် စပ်လျဉ်းကာ စိတ်ဝင်တစားရှိမိကြပုံပေါ်သည်။ နန်းကိန္နရီဟူသော အမည်သည် လီလီတို့ ပတ်ဝန်းကျင်၌ ရုတ်ခြည်း ပျံ့နှံ့သွားသည်။ ရုတ်ခြည်းဆိုသလိုပင် ရေပန်းစားသော နာမည်တစ်လုံးဖြစ်သွားခဲ့သည်။ ထို့အတွက် နန်းကိန္နရီသည် လီလီအား ကျိတ်၍ ကျေးဇူးတင်နေမိသည်။ ။

အငြိမ့်ခန်း ပြီးသွားခဲ့သည်။ သဘာပတိ၏ နိဂုံးချုပ်မိန့်ခွန်းဖြင့် အခမ်းအနားရုပ်သိမ်းလိုက်သည်။

ကျောင်းသား ကျောင်းသူတို့ နေရာမှထကြသည်။ ခန်းမအပြင်သို့ ထွက်ကြသည်။ နန်းကိန္နရီသည်လည်း အများနှင့်ရောနှော၍ နေရာမှထလိုက်သည်။

ခန်းမအပြင်သို့ ထွက်ရာတွင် လူသူကျပ်ညပ်ခြင်းနှင့် ကြုံတွေ့ရပြန်သည်။ အပေါက်ဝတွင် အတိုးတိုးအကြိတ်ကြိတ် ဖြစ်နေကြသည်။ အကျပ်ကျပ်အညပ်ညပ် ဖြစ်နေသည်။

သည်တွင်ပင် နန်းကိန္နရီ၏လက်ကို တစ်စုံတစ်ယောက်က ဆွဲယူဆုပ်ကိုင်လိုက်သည်။ လူအကြားမှ ဆွဲခေါ်ခြင်း ခံလိုက်ရသည်။

နန်းကိန္နရီသည် လက်ကိုဆွဲယူလိုက်သူအား မော့ကြည့်မိသည်။

သူသည် တအံ့တဩကြီး ဖြစ်သွားမိလေသည်။ "ဟင် ကိုမျိုး"

နှုတ်မှအသံထွက်သွားသည်။ ရုတ်တရက်ဖြစ်၍ ထိန်းချုပ်ရန် သတိမရလိုက်။ အမည်ကို အပြည့်အစုံခေါ်မိခြင်းလည်းမဟုတ်။

စင်္ကြံလမ်းသို့ ရောက်လာရသည်။ နှစ်ယောက်သား မျက်နှာချင်းဆိုင်ရပ်မိသည်။ တစ်ယောက်မျက်နှာကို တစ်ယောက် ကြာမြင့်စွာ စူးစိုက်ကြည့်နေမိကြသည်။ သူ၏မျက်နှာမှာ ပြုံးနေသည်။ နှစ်သိမ့်ကြည်နူးရခြင်းကြောင့် စကားမပြောနိုင်သလိုရှိနေသည်။

သူကား

ပင်းဘုရားပွဲတော်တွင် တွေ့ခဲ့ရသူ။ သည်သို့ပင် လူသူကျပ်ညပ်နေသည့်အကြားမှ ကယ်တင်ခဲ့ဖူးသူ။

"ကျွန်တော့်ကို မှတ်မိနေတဲ့အတွက် ဝမ်းသာပါတယ် မနန်းကိန္နရီ"

သူ့ထံမှ အသံပေါ်လာသည်။ လှိုက်လှိုက်လှဲလှဲ ပြောခဲ့ခြင်းဖြစ်သည်။ **ဆက်လက်ဖော်ပြပါမည်။**

**"ခန်းမအပြင်သို့ထွက်ရာတွင် လူသူကျပ်ညပ်ခြင်းနှင့် ကြုံတွေ့ရပြန်သည်။
အပေါက်ဝတွင် အတိုးတိုး အကြိတ်ကြိတ် ဖြစ်နေကြသည်။
အကျပ်ကျပ် အညပ်ညပ် ဖြစ်နေသည်။
သည်တွင်ပင် နန်းကိန္နရီ၏လက်ကို တစ်စုံတစ်ယောက်က ဆွဲယူဆုပ်ကိုင်လိုက်သည်။
လူအကြားမှ ဆွဲခေါ်ခြင်းခံလိုက်ရသည်။
နန်းကိန္နရီသည် လက်ကိုဆွဲယူလိုက်သူအား မော့ကြည့်မိသည်။
သူသည် တအံ့တဩကြီး ဖြစ်သွားမိလေသည်။ သူကား . . ."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

❂ **ကျောဖုံးမှ**

လမ်းဘေးဝဲယာရှိမြေလွတ်နေရာများတွင် အစိမ်းရောင် မြေယာရှုခင်းများ အဆင့်မြှင့်တင်ပြုပြင်တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ ရန်ကုန်မြို့ကို ၁၈၅၂ ခုနှစ်က ခေတ်မီမြို့ပြအဖြစ် တည်ဆောက်ချိန်မှစ၍ ကွန်ကရစ်လူနေအိမ်များ၊ ရုံးများ၊ ကွန်ကရစ်လမ်းများ စသည်တို့သည် မြို့ပြအတွင်း ကွန်ကရစ်များ ဖုံးအုပ်လာသည်။ နှစ်ကာလကြာလာသည်နှင့်အမျှ ပိုမိုကျယ်ပြန့်လာမှုကြောင့် သဘာဝမြေအောက်ရေအောင်းလွှာသို့ စိမ့်ရေများ မရောက်ရှိတော့သည့်အပြင် သဘာဝအလျောက် ရွာသွန်းသောမိုးရေများမှာလည်း ခေတ်မီကွန်ကရစ် ရေမြောင်းမှတစ်ဆင့်စီးဆင်းပြီး ပင်လယ်သမုဒ္ဒရာအတွင်းသို့ ရောက်ရှိနေခြင်းသည် မြို့ပြ၏ သဘာဝဂေဟစနစ်အတွက် စိုးရိမ်စရာပင် ဖြစ်သည်။ သဘာဝဂေဟစနစ်ကို အထိုက်အလျောက် ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ယခုလို အစိမ်းရောင်မြေယာရှုခင်းများကို စိုက်ပျိုးတည်ဆောက်ရခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပညာရှင်တစ်ဦးက ပြောသည်။

"အစိမ်းရောင် မြေယာရှုခင်းတွေ ပြုလုပ်ပေးထားခြင်းကြောင့် မြေကို ရေတိုက်စားမှုလည်း သက်သာစေတယ်၊ အစိမ်းရောင်မြက်ခင်းတွေရှိခြင်းဖြင့် မြို့ပြရဲ့အလှကိုလည်း တိုးစေတယ်၊ မြေအောက်ရေအောင်းလွှာ ဂေဟစနစ်ကိုလည်း အထောက်အကူဖြစ်စေလို့ ယခုလို စနစ်တကျ စိုက်ပျိုးပေးထားခြင်း ဖြစ်ပါတယ်"ဟု အဆိုပါပညာရှင်က ပြောကြားသည်။

ပြည်လမ်း ထပ်ပိုးနိုင်လွန် ကတ္တရာခင်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် ဘတ်ဂျက်ခွင့်ပြုငွေဖြင့် ပြည်လမ်းမြို့တော်ဂေါက်ကွင်း ဆိုင်းဘုတ်ရှေ့မှ အပိုင်းလိုက်စတင်၍ ထပ်ပိုးနိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ပြည်လမ်းမင်္ဂလာဒုံမြို့နယ်ဘိုခြံလောပိတခေတ်အားခွဲစက်ရုံရှေ့အထိ ရောက်ရှိခဲ့သည်။ ၂၀၂၁ ခုနှစ် မေလနောက်ပိုင်းမှ လုပ်ငန်းများ ပြန်လည်စတင်ခဲ့ရာ ယခုအခါ ထောက်ကြန့်လမ်းဆုံအထိ ရောက်ရှိကာ မကြာမီရက်ပိုင်းအတွင်း လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးတော့မည်ဖြစ်သည်။

စီးပွားရေးအရ အဓိကအရေးပါသော အမှတ်(၁) ပြည်လမ်းမကြီးကို အဆင့်မြှင့်တင်ခြင်းနှင့်ပတ်သက်၍ ယခုဆောင်ရွက်နေသောလုပ်ငန်းနှင့် ယခင်ဆောင်ရွက်ခဲ့သောလုပ်ငန်းတို့ ကွာခြားမှုမှာ ယခင်ကထပ်ပိုးနိုင်လွန်ကတ္တရာခင်းခြင်းတစ်ခုတည်းကိုသာ ဆောင်ရွက်ခဲ့သည်။ ယခုအစိုးရလက်ထက်တွင် မြို့ပြဧရိယာအတွင်းရှိ လမ်းဘေး ဝဲ/ယာကို အစိမ်းရောင်မြက်ခင်းများ၊ မြေယာရှုခင်းများနှင့် လမ်းကြံ့ခိုင်မှုရှိစေရေးအတွက် လမ်းဘေးရေမြောင်းများ ပြုပြင်ထိန်းသိမ်းခြင်းတို့ကိုလည်း ပူးတွဲဆောင်ရွက်ခဲ့သည်။

မြို့တွင်းလမ်းများကို အကျယ် ၇၂ ပေအတွင်း မညီညာသော လမ်းသားများကို စက်ယန္တရားများဖြင့် ခြစ်ထုတ်ဖယ်ရှားဆောင်ရွက်ပြီး မင်္ဂလာဒုံမြို့နယ်ဘိုခြံရှေ့မှ ထောက်ကြန့်လမ်းဆုံအထိ လမ်းအကျယ်ကို ၇၄ ပေ ရရှိစေရန် ဆောင်ရွက်ပြီး လမ်းဘေး ဝဲ/ယာအနေးယာဉ်များ လွတ်လပ်စွာ သွားလာနိုင်ရန် လမ်းတစ်ဖက်တစ်ချက်တွင် အနေးယာဉ်သွားလမ်းအတွက် ငါးပေစီ တိုးချဲ့နိုင်ခဲ့ကြောင်း၊ ထပ်ပိုးနိုင်လွန်ကတ္တရာခင်းပြီးသော နေရာများတွင် ယာဉ်များ အန္တရာယ်မဖြစ်စေရေးအတွက် ယာဉ်ကြောလိုင်းများအား ဆေးဆွဲခြင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ–စောရွှေဝွန်း**

* **(၃၂)ကြိမ်မြောက်မှ**

အောင်မြင်စွာကျင်းပနိုင်ရန် ပြီးခဲ့သည့်နှစ်အနည်းငယ်ကတည်းက ပြင်ဆင်ခဲ့ပြီး ပရိသတ် ၆၀၀၀၀ ကျော်ဆံ့ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းအပါအဝင် Morodok Techo Sports Complex ကို တရုတ်နိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်ခဲ့ပြီး ပြီးခဲ့သည့်နှစ်က ပြီးစီးသွားခဲ့သည်။ (၃၂ )ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၆ ရက်အထိ ဖနွမ်းပင်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို ၁၉၆၃ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့သော်လည်း ပြည်တွင်းနိုင်ငံရေးအခြေအနေကြောင့် ဖျက်သိမ်းခဲ့ရသဖြင့် ၂၀၂၃ ခုနှစ်မှ ပထမဆုံးကျင်းပခွင့်ရရှိခြင်းဖြစ်သည်။

**ကိုညီလေး**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်း လျှပ်စစ်မီးများကို လျှော့သုံးပါ**

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ TTC ကျောင်း Garde–1 တွင် ပညာသင်ကြားနေသော မောင်ကောင်းထက်၏ ဖခင်အမည်မှန်မှာ ဦးစိန်တန်အောင် [၈/ပခက(နိုင်)၁၆၂၇၁၂]ဖြစ်ပါသည်။

**အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကျီးမနိုးကျေးရွာအုပ်စု စိမ့်ကြီးကျေးရွာနေ ဦးစိုးအောင်၏သား စိုင်းမင်းသန့်ကို၏ အမည်မှန်မှာ မောင်မင်းသန့်ကို [၇/ဖမန(နိုင်)၂၀၇၉၃၇] ဖြစ်ပါကြောင်း။

**မောင်မင်းသန့်ကို**

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၃၊နဝဒေးရပ်၊ နဝဒေးရပ်ကွက်ရှိ လပကစိုးနေအောင် (ကိုယ်ပိုင်အမှတ်) လေ ၂၀၇၉၃၊ [၉/မထလ(နိုင်)၁၁၀၈၁၂]၊ အဖအမည်၊ ဦးထွန်းလှအောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ်၊ ပစ (B)၁၀၀၁ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ယဉ်ယဉ်မိုး [၁၂/အစန(နိုင်)၀၈၆၂၁၇] အဖအမည် ဦးလှမြင့်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက် မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ လပကစိုးနေအောင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများ တင်ပြပြီးၥင်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

**တိုင်းဒေသကြီးအစိုးရအဖွဲ့**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**
**ပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ငွေလုံးငွေရင်း (ပရိဘောဂ) ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ အတွင်းရှိ အခြေခံပညာကျောင်း/ရုံးများတွင် ပရိဘောဂများ ဖြည့်ဆည်းပေးရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်–

| | | |
|---|---|---|
| (၁) | စာကြည့်တိုက်သုံးစားပွဲရှည် (8'x4'x2'6") | (၉ )လုံး |
| (၂) | စာကြည့်တိုက်သုံးစာအုပ်စင် (3'x1'6"x6') | (၁၈)လုံး |
| (၃) | ဗီရို (Steel Almirah) (3'x 1'6"x6') | (၇၆)လုံး |
| (၄) | Table | (၉၉)လုံး |
| (၅) | Plastic Armed Chair | (၉၀)လုံး |
| (၆) | Chair (Plastic) | (၉၉)လုံး |
| (၇) | LAB Table (8'x4'x3') | (၃၆)လုံး |
| (၈) | Stool (1'x10"x2') | (၃၆၀)လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၂၆–၅–၂၀၂၂) ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး တင်ဒါများကို (၂၇–၆–၂၀၂၂)ရက်နေ့ ညနေ (၄:၀၀) နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း တနင်္သာရီတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ဖုန်း–၀၅၉–၂၀၂၃၉၆၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**
**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ မြေကွက်အမှတ်(၆၅၉)၊ မြေအကျယ်အဝန်း (အလျား×အနံ) (၄၀ပေ×၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ ယခုအခေါ်အမှတ် (၆၅၉)၊ ဇေယျာအေးမြ(၁)လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် ဦးအောင်ရွှေ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးအစုံအလင်အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်း၊ ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ လက်ရောက် ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်ဝင်းသစ်နွယ် (၁၄/မမန (နိုင်) ၁၅၄၆၀၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ကေသီဝေ(၉/မထလ(နိုင်)၀၂၉၀၉၇)က(၂၄–၅–၂၀၂၂)ရက်စွဲပါ "မြေကွက်အရောင်းအဝယ်စရံပေးကတိစာချုပ်" ဖြင့် တန်ဖိုးငွေများအနက်မှ စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါစရံနှင့်ပတ်သက်၍ အပြီးသတ်ငွေ အပြေအကြေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေး ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ခင်နီလာဦး**

**L.L.B, D.B.L, B.D.S (MOFA) (Dip in English),W.I.P.O (Switzerland)**

**အထက်တန်းရှေ့နေ (စဥ်–၃၉၁၁၃)**

**အမှတ်၁၁၀၆/ ခ၊အဏ္ဏဝါလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့်၊ ၃၅ ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

**ဖုန်း–၀၉ ၂၆၄၅၀၈၈၄၅၊ ၀၉၈၅၅၅၄၆၅၅၂**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A–1 ဧရိယာတွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Offshore Construction Vessel, TELFORD 25 ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၁.၁၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၄.၃၄၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၂.၇၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၇.၂၀၂ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၂.၇၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၉.၁၅၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၁.၁၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၆.၉၈၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ် ဇွန်လ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A–1 ဧရိယာတွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Offshore Construction Vessel, TELFORD 25 ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# အနော်ရထာတံတား( ချောက် )ရေလမ်းပြောင်းလဲမည်

**နေပြည်တော် မေ ၂၅**

အနော်ရထာတံတား(ချောက်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်၊ အဆန် ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ် (၃)နှင့်(၄)အကြားမှ သတ်မှတ်ထားခဲ့ပြီး ယခုအခါ ရေကြောင်းရေလမ်း အခြေအနေအရ တံတားရေလမ်းကြောင်းကို မေ ၂၇ ရက်မှစ၍ အစုန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်( ၅ )နှင့် ( ၆ )အကြားမှလည်းကောင်း၊ အဆန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ် (၄)နှင့်(၅)အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်ဖြစ်သည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်၊ တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ **သတင်းစဉ်**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေဇလပ်လမ်း၊ အမှတ်(N–5)၊ ရွှေစံပယ်ရိပ်မွန်ဟုခေါ်တွင်သော (1175 Sqft)ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်များကို အပြီးအပိုင်ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သော ဦးဇော်လင်းထိုက်[၁၂/ကမရ(နိုင်)၀၆၄၆၉၃]သို့ ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**

| ဒေါ်အေးမြင့်ရီ | ဒေါ်အိဖြိုးဇင် | ဦးသိန်းညွန့် |
|---|---|---|
| B.Sc,DA,HGP,R.L, DBL, DML, DIL | LL.B, D.B.L | BA, HGP, R.L, DBL, DML, DIL |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၁၇၃) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၉၇၅) | တရားလွှတ်တော်ရှေ့နေ(စဉ်–၃၅၆၁) |

**အမှတ်–၁၀၁၊ ပထမထပ်၊ ၃၉–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၇၉၈၈၂၇၅၉၀ ၀၉–၇၉၀၁၂၃၄၈၀ ၀၉–၅၀၅၃၁၀၇**




## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၁၇)နေ ဦးအောင်မင်း[၈/မလန(နိုင်)၀၀၅၁၇၇](CHU-၀၀၂၁၉၀)မှ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၂)လမ်း အထက်/အမှတ်(၄၅၃/က) ဦးစိုးထွန်းဦး(ဘ) ဦးရွှေ [၈/မကန(နိုင်)၁၅၅၅၇၂]ထံသို့ (၁၃-၇-၂၀၁၇)ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် လွှဲပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(VI/၆၇၀၅) အား ဤကြော်ငြာစာပါသည့်နေ့မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်မင်း**
**[၈/မလန(နိုင်)၀၀၅၁၇၇]**

**ဒဂုံမြို့သစ်**
**အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များအထူး ဈေးကောင်းပေးဝယ်သည်။**
**09250406914**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၃)ရပ်ကွက်၊ ယောက်ကော်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃)၊ လူနေ ရပ်ကွက်အမှတ်- စက်မှုဇုန်၊ မြေကွက်အမှတ်-(၈၆/၁)၊ (၈၆/၂)၊ (၈၆/၃) (၈၆/၄)၊ (၈၆/၅)၊ ဧရိယာ (၁)ကွက်လျှင် (၀.၁၆၅)ဧက အကျယ်အဝန်းရှိ နှစ်(၆၀) စက်မှုမြေငှားဂရန်မြေကွက်(၅)ကွက်နှင့် အဆောက်အဦများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးလင်းဝင်း (PMA -၁၁၁၈၉၂) [၁၂/ဗတထ(နိုင်)၀၂၃၂၂၉]က အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းမှရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| ဦးမိုးမင်းဆွေ | ဒေါ်ခင်မာနွယ် | ဦးအောင်မျိုးသူ | ဒေါ်နန်းစုမြတ်နိုးထွဋ် |
| (LL.B, D.B.L) | (LL.B, D.B.L) | (LL.B) | (LL.B) |
| (စဥ်-၁၄၄၀၄) | (စဥ်-၁၄၂၆၂) | (စဥ်-၁၇၄၆၂) | (စဥ်-၁၇၅၉၀) |

**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ချောရှုပါဝင်း (LL.B) (စဥ်-၅၂၅၉၃)**
**အထက်တန်းရှေ့နေ**
**Legal Chance Office: အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၅၇၅၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၁၀၂၂၁၁၂**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၃)ရပ်ကွက်၊ ယောက်ကော်လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်-၂၃၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်၊ မြေကွက်အမှတ်-(၈၆/၆) (၈၆/၇) (၈၆/၈) (၈၆/၉) (၈၆/၁၀)၊ ဧရိယာ(၁)ကွက်လျှင် (၀.၁၆၅)ဧက အကျယ်အဝန်းရှိ နှစ်(၆၀)စက်မှုမြေငှားဂရန်မြေကွက်(၅)ကွက်နှင့် အဆောက်အဦးများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးလင်းဝင်း PMA -၁၁၁၈၉၂၊ [၁၂/ဗတထ(နိုင်)၀၂၃၂၂၉]က အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ၎င်းမှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| ဦးမိုးမင်းဆွေ | ဒေါ်ခင်မာနွယ် | ဦးအောင်မျိုးသူ | ဒေါ်နန်းစုမြတ်နိုးထွဋ် |
| (LL.B, D.B.L) | (LL.B, D.B.L) | (LL.B) | (LL.B) |
| (စဥ်-၁၄၄၀၄) | (စဥ်-၁၄၂၆၂) | (စဥ်-၁၇၄၆၂) | (စဥ်-၁၇၅၉၀) |

**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ချောရှုပါဝင်း (LL.B) (စဥ်-၅၂၅၉၃)**
**အထက်တန်းရှေ့နေ**
**Legal Chance Office: အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၄၅၇၅၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၁၀၂၂၁၁၂**

## လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဒုတိယအကြိမ် ကတ္တရာတင်ဒါ ခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အထူးအဖွဲ့/ခရိုင်များမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေများဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်(၈၀/၁၀၀) အမျိုးအစားကတ္တရာများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာစတင် ရောင်းချမည့် ရက်/အချိန် | - | (၂၇-၅-၂၀၂၂) နေ့ (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာအရောင်း ပိတ်မည့် ရက်/အချိန် | - | (၇-၆-၂၀၂၂) နေ့ မွန်းတည့် ၁၂:၀၀ နာရီ |
| တင်ဒါလျှောက်တင်သွင်း ရမည့်ရက်/အချိန် | - | ၉-၆-၂၀၂၂နေ့(ရုံးချိန်အတွင်း) |
| တင်ဒါဖွင့်ပွဲကျင်းပရမည့် ရက်/အချိန် | - | ထပ်မံကြေညာပါမည် |
| တင်ဒါလျှောက်လွှာဝယ်ယူ မည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်း ၃၀၊ ၇၀x၇၁ လမ်းကြား မန္တလေး တိုင်းဒေသကြီး၊ မန္တလေးမြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၂-၄၀၃၉၁၈၄၊ ၀၂-၄၀၃၉၁၈၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်၊ ၃၈၁၊ မြေအကျယ်အဝန်းပေ (၄၀x၆၀) နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနရှိ မြို့မြေစာရင်းတွင် မောင်ဘိုဇော်ဝင်း၊ ကျော်မျိုးလွင် အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး ကျော်မျိုးလွင်သည် လူပျိုဘဝဖြင့် ကွယ်လွန်သွားပြီးဖြစ်သဖြင့် ၎င်း၏အစ်ကိုတော်စပ်သူ မောင်ဘိုဇော်ဝင်းမှ တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နုနုခိုင် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၉၂၄/၂၀၁၇)**
**အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၅၃၇၉၆၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေကွက်အမှတ် (၁၅၇+၁၅၈)၊ ဧရိယာ(၂.၆၃၇)ဧကရှိ နှစ်(၆၀) ဂရန် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးမောင်လှ [၁၂/ကမရ(နိုင်)၀၄၇၅၂၈] အမည်ဖြင့် မှတ်သားထားပါသည်။ အဆိုပါ အမည်ပေါက်ကွယ်လွန်၍ ယခုရောင်းချသူဖြစ်သော ဇနီးဖြစ်သူ ဒေါ်ဌေးဌေးမြိုင် [၁၂/တမန(နိုင်)၁၃၇၂၂၇] မှ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားမအထွေထွေ အမှုအမှတ်(၄၄/၂၀၂၂)ဖြင့် အမွေဆက်ခံခွင့်ဥပဒေပုဒ်မ-၃၀၇ (၁) (၂) အရ ဦးမောင်လှကျန်ခဲ့သော ပစ္စည်းများအား စီမံခန့်ခွဲခွင့်ပြုပါရန် လျှောက်ထားမှုအရ တရားဝင်စီမံခန့်ခွဲခွင့်ပြုကြောင်း အမိန့်ရရှိခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အဆိုပါ မြေကွက် ထဲမှ တရားဝင်မခွဲစိတ်ရသေးသည့် မြေကွက်အမှတ် (၁၅၇)၊ ဧရိယာ (၁.၃)ဧကရှိ မြေကွက်နှင့် (၅၀၀၀) စတုရန်းပေရှိ ဂိုဒေါင်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာဖြိုး (LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၄၀၇၁၄)**
**ဖုန်း-၀၉-၂၅၀၅၁၆၉၈၀**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ လူနေရပ်ကွက်အမှတ် Bougainvillea Garden၊ မြေကွက်အမှတ်-၄၄၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ (Plot No. 30)ဟုခေါ်တွင်သော အလျား ၁၂၉' ၅၅" / ၁၁၄' ၅၀" x အနံ ၁၇၀' ၆၃" / ၁၇၁' ၅၆" )၊ ဧရိယာ (၀.၄၇၈)ဧက အကျယ်အဝန်းရှိသော နှစ်(၆၀) ဂရန်မြေကွက်နှင့်ဆက်စပ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဦးလင်ယုကင်း(ခ) ဦးတင့်လွင် (ဘ) ဦးအောင် [၁၂/လသန(နိုင်)၀၁၅၀၆၁]နှင့် ဒေါ်ကျင်ထို(ဘ) ဦးဝမ်ရှိန် [၁၂/ပဘတ(နိုင်)၀၀၇၇၅၄]တို့က လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်း ကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဦးဇော်မြင့်ထူး (ဘ) ဦးအိုက်ဆန် [၁၃/တကန(နိုင်)၁၉၇၆၆၀]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ရောင်းချသူ ဦးလင်ယုကင်း(ခ) ဦးတင့်လွင် (ဘ) ဦးအောင် [၁၂/လသန(နိုင်)၀၁၅၀၆၁]နှင့် ဒေါ်ကျင်ထို (ဘ) ဦးဝမ်ရှိန် [၁၂/ပဘတ(နိုင်)၀၀၇၇၅၄]တို့အား ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မြင့်ထူး [၁၃/တကန(နိုင်)၁၉၇၆၆၀]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းလင်းနိုင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဥ်-၂၆၄၅၄)**
**အမှတ်(၅၆၅)၊ MAC Tower၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့် ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၅၀၀၉၀၇**

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄)၊ မြေကွက်အမှတ်-၈၁၇(က)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ မြေကွက်နှင့် မြေကွက်အမှတ်-၈၁၇(ခ)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိနှစ်(၆၀) ဂရန်မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၈၁၇(က)+ (ခ)၊ စာဂလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ်(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ရောင်းသူ ဒေါ်စမ်းစမ်းအေး [၁၂/ဥကတ(နိုင်)၀၃၇၉၈၁]အမည်ပေါက်လျက်ရှိသော မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေကွက်များအား ရောင်းသူမှ မိမိသာလျှင်လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့် နေ့ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော် (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ ၄၃လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၃၀)ရပ်ကွက်၊ ခရေမြိုင်လမ်း၊ အမှတ်-(၁၂၁)နေ ဦးဖြိုးအောင်ဝင်း [၁၂/ဥကတ(နိုင်)၀၀၇၃၄၉]၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဖြိုးအောင်ဝင်းနှင့် ဒေါ်ဆုဆုအောင်တို့သည် (၂၈-၁၁-၂၀၁၃)ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ ယခုအခါ တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိပါသောကြောင့် (၂၉-၁၂-၂၀၂၁) ရက်တွင် တာမွေမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ မသက်ဆိုင်တော့သည့်အပြင် တစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စအား ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် နှင့် ဒေါ်ဆုဆုအောင်နှင့်ပတ်သက်သော ကိစ္စအဝဝအား ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော် (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ ၄၃လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်း အဆင့် တိုက်အမှတ် (A1)၊ အခန်းအမှတ်(216)၊ အခန်းအမျိုးအစား Type (A) အကျယ်အဝန်း (1185) စတုရန်းပေရှိ ကွန်ဒို တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်ပါရှိသော လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ထားသူ ဦးအောင်ကျော်သူ [၁၄/ကပန(နိုင်)၁၄၁၂၀၁] ကိုင်ဆောင်သူမှ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများမှ အပြီးအပိုင် ဝယ်ယူရန် သဘောတူညီ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသငွေကို စရန်ငွေအဖြစ် ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထား (မူရင်း)များယူဆောင်၍ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြူကြူမာ (LL.B)**
**တရားလွှတ်တော်ရှေ့နေစဥ်(၁၃၉၇၃)**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၁၆၁၈၉၈၊ ၀၉-၄၃၁၁၇၇၃၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈/၅)၊ မြေကွက်အမှတ်(၃၆၆)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဦးစိုးလွင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးကျော်နိုင်ဦး[၈/မမန(နိုင်)၀၀၀၅၅၅]ထံမှ ကျွန်တော် ဦးပြည့်ဖြိုးအောင်သည် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက် အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင်**
**[၁၂/သကတ(နိုင်)၁၆၆၁၉၉]**
**ဖုန်း-၀၉-၅၀၆၁၉၀၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ မြေကွက်အမှတ်(၉၇၉)၊ (၂၄၀၀)စတုရန်းပေ၊ ပေ(၄၀x၆၀)ရှိ ဒေါ်စန်းစန်း (AE-၀၆၄၉၁၄)[၁၂/တမန(နိုင်)၀၄၁၈၆၁]အမည်ပေါက် မြေချပါမစ်မူရင်း မြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်း(ယာဘက်ခြမ်း)ရှိ (၂၀x၆၀)ပေ (၁၂၀၀) စတုရန်းပေရှိ မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ဂရုဏာလမ်း၊ အမှတ်(၉၇၉/က)ဟုခေါ်တွင်သည့် မြေချပါမစ်မူရင်းနေအိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ဝယ်ယူလက်ရှိထားပိုင်ဆိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ပြောဆိုသူဖြစ်သော ဦးကျော်သူ [၁၂/မဂဒ(နိုင်)၁၀၀၉၃၃]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမင်းမြင့်သန်း [၃/ကကရ(နိုင်)၁၃၀၉၀၆]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသင်းမြတ်ဆန်း**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၁၈၈၄)**
**အမှတ်(၁၆၄/ခ)၊ မြင်သာ(၄)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၂၇၁၁၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

## မြို့တစ်ခရိုင်အတွင်းရှိ စာသင်ကျောင်းများသို့ ဖြန့်ချိမည့် ကျောင်းသုံးပုံနှိပ်စာအုပ်များအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

နေပြည်တော် မေ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျောင်းသား ကျောင်းသူများ ပညာတတ်မြောက်ရေးနှင့် အနာဂတ်ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာရေးကို ရှေးရှု၍ အခြေခံပညာစာသင်ကျောင်းများကို မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုကို လိုလားပြီး အဖျက်အမှောင့်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအပေါ် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးခြင်း၊ စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❖



မေ ၂၄ ရက်တွင် သရက်ချောင်းမြို့နယ်၌ ကျောင်းသုံးပုံနှိပ်စာအုပ်များ သယ်ဆောင်လာသည့်ယာဉ်ကို တွေ့ရစဉ်။



ရန်ကုန်မြို့ အမှတ်(၁) ပြည်လမ်း အဆင့်မြှင့်တင်ပြုပြင်ထားမှုကို တွေ့ရစဉ်။

## ရန်ကုန်မြို့ပြည်လမ်းအား လမ်းဘေးဝဲယာ အစိမ်းရောင်မြေယာရှုခင်းများ တည်ဆောက်ခြင်းနှင့် ထပ်ပိုးနိုင်လွန်ကတ္တရာခင်းခြင်းရာနှုန်းပြည့် ပြီးစီးတော့မည်

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့၏စီးပွားရေးအရ အဓိကအရေးပါသော အမှတ်(၁) ပြည်လမ်းမကြီး ထပ်ပိုးနိုင်လွန်ကတ္တရာခင်းခြင်းနှင့် လမ်းရေရှည်ကြံ့ခိုင်မှုရှိစေရန် ပြည်လမ်းမြေနီကုန်းတံတားအဆင်းမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းဆုံအထိ လမ်းဘေးဝဲယာ မြေလွတ်နေရာများတွင် အစိမ်းရောင်မြေယာရှုခင်းများဖြင့် အဆင့်မြှင့်တင်တည်ဆောက်ခြင်းနှင့် ကျန်ရှိသော ထပ်ပိုးနိုင်လွန်ကတ္တရာခင်းခြင်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ယခုအခါ သတ်မှတ်ထောက်ကြန့်လမ်းဆုံအထိ ရောက်ရှိပြီးဖြစ်၍ လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးတော့မည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။ စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ✪

### ယနေ့ ဖတ်စရာ


ဆေးလိပ်ကင်းစင် ကမ္ဘာတစ်ခွင်
ဆောင်းပါး စာမျက်နှာ » ၈

ရင်းနှီးချစ်ကြည် သွေးချင်းတို့ဌာနီ
စာမျက်နှာ » ၁၈၊ ၁၉



မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ် ဒုံးကျည် သုံးစင်း တစ်ရက်တည်း စမ်းသပ်ပစ်လွှတ်
စာမျက်နှာ » ၁၃


## (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၃ ခုနှစ် မေလတွင် ကမ္ဘောဒီးယား၌ ပြုလုပ်မည်

ရန်ကုန် မေ ၂၅

ကမ္ဘောဒီးယားနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၃ ခုနှစ် မေလတွင် ပြုလုပ်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၂ ခုနှစ် မေလသို့ ရွှေ့ဆိုင်းကျင်းပခဲ့ရသဖြင့် (၃၁)ကြိမ်မြောက် ပြိုင်ပွဲနှင့် (၃၂)ကြိမ်မြောက် ပြိုင်ပွဲနှစ်ခုမှာ တစ်နှစ်သာ ကြာမြင့်ခြင်းဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခြင်းဖြစ်သောကြောင့် စာမျက်နှာ ၂၁ ကော်လံ ၄ သို့ ✳